မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ဂုဏ်သတင်းပို့နှုန်းလှိုင်ကြူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ပဝဂ်(ဓမ္မပဒ-၅၄)

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက် | ၂၀၂၆ ခုနှစ်၊ မတ် ၃၁ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၅)၊ အမှတ်(၁၈၂)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

လက်ရှိမြန်မာ့တပ်မတော်၏ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် ထမ်းဆောင်လျက်ရှိသည့် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဂုဏ်ပြုမိန့်ခွန်းပြောကြားစဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြန်မာ့တပ်မတော်၏ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်လွှဲပြောင်းလက်ခံခြင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနား ကျင်းပပြုလုပ်

နေပြည်တော် မတ် ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြန်မာ့တပ်မတော်၏ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်လွှဲပြောင်းလက်ခံခြင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်သည်။

ဦးစွာ လက်ရှိမြန်မာ့တပ်မတော်၏ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် ထမ်းဆောင်လျက်ရှိသည့် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် လွှဲပြောင်းလက်ခံတာဝန်ထမ်းဆောင်မည့် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူရဲဝင်ဦး တို့သည် ရှေ့ဆောင်အရာရှိနှစ်ဦး ဦးဆောင်၍ အခမ်းအနားကျင်းပမည့်နေရာသို့ ရောက်ရှိကြသည်။

ဂုဏ်ပြုတပ်ခွဲ၏ အလေးပြုခြင်းကိုခံယူ

ထို့နောက် လက်ရှိမြန်မာ့တပ်မတော်၏ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် ထမ်းဆောင်လျက်ရှိသည့် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် လွှဲပြောင်းလက်ခံ တာဝန်ထမ်းဆောင်မည့် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူရဲဝင်ဦး တို့သည် အလေးပြုခံစင်မြင့်တွင် နေရာယူကြပြီး ဂုဏ်ပြုတပ်ခွဲ၏ အလေးပြုခြင်းကို ခံယူသည်။

ထိုသို့ ဂုဏ်ပြုတပ်ခွဲ၏ အလေးပြုခြင်းကို ခံယူနေချိန်တွင် ဂုဏ်ပြုအမြောက်တပ်ဖွဲ့မှ လည်း အမြောက် ၁၉ ချက်ကို စစ်ရေးပြအခမ်းအနားဖြင့် ဂုဏ်ပြုပစ်ဖောက်သည်။

ယင်းနောက် လက်ရှိမြန်မာ့တပ်မတော်၏ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်ထမ်းဆောင် လျက်ရှိသည့် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် ဂုဏ်ပြုတပ်ခွဲအား စစ်ဆေးသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က ဂုဏ်ပြုမိန့်ခွန်းပြောကြားရာတွင် ယနေ့သည် တပ်မတော်ထဲကို စတင်ဝင်ရောက်ခဲ့သည့် ၁၉၇၄ ခုနှစ် အချိန်ကဆိုပါက

စာမျက်နှာ ၃ ကော်လံ ၁ ○

ယနေ့ ဂုတ် စာ

မြန်မာမှု ဆောင်းပါး စာ - ၆

မိုဘိုင်းဟန်းဆက်ဝယ်လျှင် အတုအပ သတိပြု ဆောင်းပါး ➢ စာ - ၁၀

ကမ္ဘာကသိသည့် မြန်မာ့ဂုဏ်ဆောင် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်နှင့် အမျိုးသားအဆင့် အမှတ်တံဆိပ် ဆောင်းပါး ➢ စာ - ၁၆

စက်သုံးဆီဝယ်ယူမှုများနှင့်ပတ်သက်၍ Call Center သို့ သတင်းပေးပို့တိုင်ကြားလာမှုများအပေါ် အရေးယူဆောင်ရွက်လျက်ရှိ ပြည်တွင်းသတင်း ➢ စာ - ၂၅

ခေါင်းဆောင်၊ ပြည်သူနှင့် အမျိုးသားရေးတာဝန်

မကြာမြင့်တော့သည့် ကာလအတွင်းတွင် အစိုးရသစ်တစ်ရပ်နှင့်အတူ မိမိတို့ပြည်သူအားလုံး နိုင်ငံတည်ဆောက်ရေးဆိုင်ရာ အမျိုးသားရေးတာဝန်ကြီးကို ကျရောက်ဖွယ်အသီးသီးမှနေ၍ ကြိုးပမ်းထမ်းဆောင်ကြရတော့မည်ဖြစ်သည်။ ယနေ့ကာလ မိမိတို့ပြည်သူများ လိုလားကြသည့် ပကတိဆန္ဒများမှာ နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ မြင့်မားရေးပင်ဖြစ်သည်။

နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို ဒီမိုကရေစီစနစ်ဖြင့် အကောင်အထည်ဖော်ရာတွင် ဦးစီးဦးဆောင် ပုဂ္ဂိုလ်များ ပေါ်ပေါက်ခြင်း၊ နိုင်ငံခေတ်မီဖွံ့ဖြိုးအောင် တည်ဆောက်မည်ဟူသော ရည်မှန်းချက်များ ခိုင်ခိုင်မာမာ ချမှတ်ခြင်း၊ ဦးဆောင်သည့် ပုဂ္ဂိုလ်များနှင့် ပြည်သူလူထု ကြားတွင် ခိုင်မြဲသည့် ဆက်သွယ်မှုများ ထူထောင်ခြင်း၊ ခေါင်းဆောင်နှင့် ပြည်သူတို့ ပူးပေါင်း၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် အဆောက်အအုံပိုင်းဆိုင်ရာ ဖွဲ့စည်းမှုများ ပြုလုပ်ခြင်း စသည့်အဆင့်များကို ဖြတ်သန်းကြရသည်ဟု ပညာရှင်တို့က ဆိုထားသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာ၌ ခေါင်းဆောင်မှု နေရာများတွင် ရောက်ရှိနေသူများသည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြင်းပြသော စိတ်အားထက်သန်မှု ရှိနေသူများဖြစ်ရန်လိုပြီး အသိပညာရှင်၊ အတတ်ပညာရှင်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် ကုန်ထုတ်လုပ်သူများက သက်ဆိုင်ရာ ကဏ္ဍအသီးသီးမှ ပါဝင်ကြရမည်ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှုတွင် ခေါင်းဆောင်သူများသည် ကြုံတွေ့ရသော အခက်အခဲများကို ကျော်လွှားနိုင်ရေးအတွက် အစမျိုးတွန်းအားများကို ပေးသူ၊ ပြည်သူများ စွမ်းအားစိုက်ထုတ် လုပ်ဆောင်လာကြရန် ရေ့ဆောင်နိုင်ဆော်သူ၊ ထိရောက်သော အဆောက်အအုံပိုင်းဖွဲ့စည်းမှုများနှင့် မှန်ကန်သော မူဝါဒများချမှတ်ရေးတို့ကို ဆောင်ရွက်သူ၊ ပြည်သူများက အစွမ်းအစများထုတ်၍ ကြိုးပမ်းနိုင်သည့် အခြေအနေနှင့် အခွင့်အလမ်းများ မရှိပါက ရှိလာအောင် ဖန်တီးပေးသူများ ဖြစ်ကြသည်။ တစ်နည်းအားဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် ပြည်သူတို့က တစ်ခဲနက် ပါဝင်လာကြရန် ခေါင်းဆောင်တို့က စွမ်းဆောင်ကြရမည်ဖြစ်သည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် နိုင်ငံသားတို့၏ကဏ္ဍမှာလည်း ခေါင်းဆောင်များနည်းတူ များစွာအရေးကြီးသည်။ နိုင်ငံတွင်ရှိနေသည့် ပြည်သူလူထု၏ အရည်အသွေး၊ အရည်အချင်းများက နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆက်စပ်လျက်ရှိရာ လူတို့၏ အရည်အသွေး၊ အရည်အချင်း ပြည့်ဝမှသာ စွမ်းဆောင်ရည်ပြည့်ဝသည့် လူ့အဖွဲ့အစည်းအဖြစ် နိုင်ငံကိုတည်ဆောက်နိုင်ကြမည်ဖြစ်သည်။ စွမ်းဆောင်ရည် ပြည့်ဝသော လူ့အဖွဲ့အစည်းဆိုသည်မှာ အလုပ်လုပ်နိုင်သည့် စွမ်းရည် (the ability to work) ရှိသကဲ့သို့ အလုပ်လုပ်လိုသည့်စိတ် (the will to work) နှင့်လည်း ပြည့်စုံသည့် လူ့အဖွဲ့အစည်းဖြစ်သည်။ အလုပ်လုပ်နိုင်သည့် စွမ်းရည်သည် ရုပ်ပိုင်းအရ ခန္ဓာကိုယ်ကျန်းမာသန်စွမ်းမှုနှင့် စိတ်ပိုင်းအရ အသိပညာ၊ အတတ်ပညာ၊ အတွေ့အကြုံနှင့် ကျွမ်းကျင်မှု စသည့် အရည်အချင်းများ ပါဝင်သည်။ အလုပ်လုပ်နိုင်သည့် စွမ်းရည်များရှိသည့် ပြည်သူများ ဖြစ်လာစေရန် ပျိုးထောင် ဖန်တီးပေးရန် လိုအပ်သကဲ့သို့ ၎င်းတို့၏ စွမ်းရည်များ လက်တွေ့အလုပ်ဖြစ်လာစေရန်လည်း ဖန်တီးနိုင်မှသာ နိုင်ငံဖွံ့ဖြိုးရေး အတွက် အင်အားများ ရရှိနိုင်မည်ဖြစ်သည်။

မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် မဖြစ်မနေ လိုအပ်သည့်အချက်မှာ စည်းလုံးညီညွတ်မှုဖြစ်သည်။ စည်းလုံးညီညွတ်မှုဟုဆိုရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုသာမက နိုင်ငံတစ်ဝန်း နိုင်ငံတော်၏ အချုပ်အခြာအာဏာ ထိရောက်ပျံ့နှံ့မှု၊ နိုင်ငံ့ခေါင်းဆောင်နှင့် ပြည်သူတို့ တစ်သားတည်းရှိမှု၊ နိုင်ငံ၏ အရေးအရာများတွင် ပြည်သူတို့က စိတ်ရောကိုယ်ပါ ပူးပေါင်းပါဝင် ဆောင်ရွက်မှု၊ ပြည်သူတို့၏ လူမှုရေးစည်းကမ်း (social discipline) ထိန်းသိမ်းလိုက်နာမှု စသည့် အခြေခံအရာများ ပါဝင်သော အမျိုးသားစုစည်းမှုမျိုးကို လိုအပ်ခြင်းဖြစ်သည်။

လွတ်လပ်ရေးရခဲ့သည်မှာ နှစ်ပေါင်း ၈၀ နီးနီးရှိလာပြီဖြစ်သည့် မိမိတို့နိုင်ငံအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုအဆင့်အတန်း တစ်နေရာသို့ ရောက်ရှိရန် အချိန်အခါသင့်ပြီဖြစ်သည်။ ပထဝီဝင်အနေအထား၊ ရေ၊ မြေ၊ ရာသီဥတု၊ သယံဇာတများ စသည်တို့အခြေအနေကောင်းများ ပြည့်စုံသည့်အပြင် ပြောင်းလဲလာသည့် ကမ္ဘာ့နိုင်ငံရေး အခြေအနေများ ကလည်း မိမိတို့ရယူနိုင်မည့် အခွင့်အလမ်းများရှိနေရာ အစိုးရနှင့်ပြည်သူတို့ အားသွန်ခွန်ကြိုးပမ်းဆောင်ရွက်ကြသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်မှု အတွက် အစမျိုးသည့်အားကို ရရှိကြမည်ဖြစ်သည်။ မှန်ကန်သည့် ဦးစီးဦးဆောင်မှုနောက်တွင် ယုံကြည်စွာ လိုက်ပါဖြိုး ကာယ၊ ဉာဏ၊ ခွဲ၊ လုံ့လ၊ ဝီရိယတို့ စိုက်ထုတ် အလုပ်လုပ်ကြခြင်းဖြင့် မိမိတို့ ပြည်သူအားလုံး မျှော်မှန်းကြသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် လူဘောင်ကို မဝေးတော့သည့် အနာဂတ်တွင် အခိုင်အမာ တည်ဆောက်နိုင်ကြပါမည့် အကြောင်း။ ။

အစိုးရဓမ္မာစရိယစာမေးပွဲ အဋ္ဌမနေ့နှင့် ပါဠိပထမပြန်စာမေးပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် မတ် ၃၀

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၆ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲ အဋ္ဌမနေ့ကို နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၅ ဌာနတွင် လည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲ ဒုတိယနေ့ကို စာဖြေဌာန ၂၀၄ ဌာနတွင် လည်းကောင်း ဆက်လက်ဖြေဆိုကြသည်။

အစိုးရဓမ္မာစရိယစာမေးပွဲ အဋ္ဌမနေ့တွင် စာဖြေစာရင်းသွင်း ၄၃၀ ပါး/ဦးအနက် ၂၇၆ ပါး/ဦး ဖြေဆိုကြသဖြင့် ၆၄ ဒသမ ၁၉ ရာခိုင်နှုန်း ဖြေဆိုကြပြီး ပါဠိပထမပြန်စာမေးပွဲ (ပထမကြိမ်းပထမလတ်၊ ပထမငယ်၊ အခြေပြုမူလတန်း) ဒုတိယနေ့တွင် စာရင်းသွင်း ၆၁၇၀၃ ပါး/ဦးအနက် ၅၁၄၃၀ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၃ ဒသမ ၃၅ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

ဘဏ်ပိတ်ရက် ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၂၆ ခုနှစ်၊ ဧပြေလ (၁) ရက် (ဗုဒ္ဓဟူးနေ့) သည် ဘဏ်များ အားလုံး ပိတ်ထားလိမ့်မည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်

၃၀-၃-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၅၅၃၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၀၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၁ - ၃ - ၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	ဖော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၄၅၀	၄၅၆၅	၄၄၃၀	၄၄၆၅	၄၅၇၀	၄၅၈၅	၄၆၀၅	၄၅၂၀	၄၅၀၅	၄၈၀၅	၄၅၄၀	၄၈၂၅	၄၆၀၀	၄၅၇၅	၄၆၀၀	၄၈၅၅
95 Ron	၄၆၇၅	၅၀၉၀	၅၀၅၅	၄၉၉၀	၅၀၉၅	၅၁၁၀	၅၁၃၀	၅၀၄၅	၄၉၆၀	၅၀၃၅	၅၀၆၅	၅၀၉၅	၅၀၃၀	၅၀၂၅	၅၁၀၀	၅၁၂၅
HSD (500 ppm)	၅၄၄၀	၅၅၆၅	၅၄၃၀	၅၄၆၅	၅၄၈၀	၅၄၈၅	၅၅၀၅	၅၄၂၀	-	၅၄၀၅	၅၄၄၀	၅၃၉၅	၅၄၀၀	၅၄၀၅	၅၅၀၀	၅၅၄၅
HSD (50 ppm)	၆၀၈၅	၆၂၀၀	၆၀၆၅	၆၀၀၀	၆၂၀၅	၆၂၂၀	၆၂၅၀	၆၀၉၅	၄၈၃၀	၆၄၅၀	၆၀၇၅	၆၄၂၀	၆၂၄၅	၆၂၃၀	၆၂၃၀	၆၄၉၀
HSD (10 ppm)	၆၀၈၅	၆၂၀၀	၆၀၆၅	၆၀၀၀	၆၂၀၅	၆၂၂၀	၆၂၅၀	၆၀၉၅	-	၆၄၅၀	၆၀၇၅	၆၄၂၀	၆၂၄၅	၆၂၃၀	၆၂၃၀	၆၄၉၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၂၄၄	၄၃၅၂
95 Ron	၄၇၄၂	၄၈၈၀
HSD (500 ppm)	၅၂၀၂	၅၃၃၆
HSD (50 ppm)	၅၈၁၆	၅၉၆၂
HSD (10 ppm)	၅၈၁၆	၅၉၆၂

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘာပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၄၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈
စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်စေယျာဖြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန်ဦးနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေယူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊
သတင်းထောက်များ - ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မိုမိုအေးနှင့် ခွန်ွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-ဒုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၄၄၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၃၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဒိုလ်ချိုင်း(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၃၃၀၉၊ မန်နေဂျာ ၀၁-၅၄၃၃၀၄၊ စီမံ ၀၁-၅၄၃၃၀၁၅၊ ဌေးငရုပ် ၀၁-၅၄၃၃၀၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၀၊ Fax ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၄၆၊ ဖြန့်ချိရေး ၀၁-၅၄၃၃၀၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

❍ ရှေ့ဖုံးမှ

ရာထူးတာဝန်အသီးသီး ထမ်းဆောင်ခဲ့သည်မှာ ၅၂ နှစ်ခန့်ရှိပြီဖြစ်ကြောင်း၊ လွန်ခဲ့သည့် ၁၅ နှစ်၊ ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် တပ်မတော်အကြီးအကဲများက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အဖြစ် ယုံကြည်စွာဖြင့် တာဝန်လွှဲပြောင်းပေးအပ်ခဲ့သည့် ယခုတာဝန်ကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အကောင်းဆုံးဖြစ်အောင် ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြောင်း၊ ဗိုလ်ချုပ်ကြီး နေဝင်းအပါအဝင် ခေတ်အဆက်ဆက် တပ်မတော်ခေါင်းဆောင်ကြီးများ မျှော်မှန်းတည်ဆောက်ခဲ့သည့် အတိုင်း အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်ကြီးဖြစ်အောင် ကြိုးပမ်းတည်ဆောက်ခဲ့ကြောင်း၊ ထိုသို့တည်ဆောက်သည့်နေရာတွင် ယခင်တပ်မတော်အကြီးအကဲများ၏ လမ်းညွှန်ဆုံးမ ဩဝါဒများ၊ ဖြတ်သန်းခဲ့ရသည့် ဘဝအတွေ့အကြုံများနှင့် ပေါင်းစပ်ပြီး အကောင်းဆုံး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့်လည်း တပ်မတော်၏ စွမ်းရည်မြင့်မားရေး၊ နိုင်ငံတကာ တပ်မတော်များနှင့် ရင်ပေါင်တန်းနိုင်ရေးတို့ကို အတိုင်းအတာတစ်ရပ်အထိရောက်အောင် မြှင့်တင်စွမ်းဆောင်ပေးနိုင်ခဲ့ကြောင်း။

စုစည်းညီညွတ်စွာ ကျော်ဖြတ်နိုင်ခဲ့

ထို့အပြင် တပ်မတော်(ကြည်း၊ ရေ၊ လေ)၊ လက်နုံး တပ်ဖွဲ့များအတွက် တိုးတက်ပြုပြင် ပြောင်းလဲမှုများစွာ ဆောင်ရွက်နိုင်ခဲ့ပြီး ဒီမိုကရေစီအစိုးရသက်တမ်း နှစ်ဆက်တွင်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍများစွာ ပူးပေါင်းလက်တွဲဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်နေချိန်အတွင်း ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲသမားမှုများစွာ ဖြစ်ပေါ်ခဲ့သည်ကို ဖြေရှင်းဆောင်ရွက်ပေးရန် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေးအပ်ထားသော တာဝန်နှင့်အညီ တပ်မတော်မှ အကြိမ်ကြိမ်ကြိုးစားခဲ့သော်လည်း ဖြေရှင်းမပေးဘဲ နိုင်ငံတော်အာဏာကို အတင်းအဓမ္မနည်းဖြင့် ရယူရန်ကြိုးစားခဲ့ကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာခဲ့ပြီး နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကိုပါ ပူးတွဲထမ်းဆောင်ခဲ့ရကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့ရမှုသည် အားလုံးမျှော်လင့်မထားသည့် နိုင်ငံရေးအလှည့်အပြောင်းကြီးဖြစ်ကြောင်း၊ အဆိုပါကာလက နိုင်ငံတော်တွင် ကိုစစ်-၁၉ ကပ်ရောဂါအပြင် သဘာဝဘေးအန္တရာယ်များဖြစ်ပွားခဲ့ပြီး ပြည်တွင်းဆူပူအုံကြွမှုမျိုးစုံ၊ ပြည်ပက သွေးထိုးလှုံ့ဆော်မှုမျိုးစုံနှင့် အခက်ခဲအကျပ်တည်းဆုံးအချိန်များကို ကြုံတွေ့ဖြတ်သန်းခဲ့ရကြောင်း၊ အဆိုပါ အခက်အခဲများကို တပ်နှင့်ပြည်သူလက်တွဲပြီး အားလုံးစုစည်းညီညွတ်စွာဖြင့် အကောင်းဆုံး ကျော်ဖြတ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခုအခါ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို လွတ်လပ်ပြိုးတရားမျှတသည့် ဂုဏ်သိက္ခာရှိသော ရွေးကောက်ပွဲအဖြစ် သန့်သန့်ရှင်းရှင်းအောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်သဖြင့် မကြာမီအချိန်တွင် လွှတ်တော်မှ ရွေးချယ်တင်မြှောက်သည့် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အစိုးရသစ်ကို နိုင်ငံတော်တာဝန်များ လွှဲပြောင်းပေးနိုင်တော့မည် ဖြစ်ကြောင်း။

ထိုသို့ နိုင်ငံတော်တွင် ကြုံတွေ့ဖြတ်သန်းခဲ့သည့် အခြေအနေများတွင် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီ တွဲဖက်အမှုဆောင်ချုပ်၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အတွင်းရေးမှူး၊ တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေး အရာရှိချုပ် တာဝန်နှင့် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) တာဝန်တို့ကို တက်တက်ကြွကြွ ကျေကျေပွန်ပွန် ထမ်းဆောင်နိုင်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူကြောင်း။

ထို့ကြောင့် ယခုလက်ရှိ တာဝန်ယူထားသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်များကို ယနေ့တွင် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးထံကို လွှဲပြောင်းပေးအပ်လိုက်ပါကြောင်း၊ နိုင်ငံတော်၊ ပြည်သူလူထုနှင့် တပ်မတော်၏ အကျိုး၊ နိုင်ငံတော်၏ အမျိုးသား အကျိုးစီးပွားအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကျရာနေရာကနေ ဆက်လက်အကျိုးပြု လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ တပ်မတော်ထဲ စတင်ဝင်ရောက်စဉ်ကတည်းက တွေ့ကြုံခဲ့ရသည့် တပ်မတော်ခေါင်းဆောင်များ၊ လုပ်ဖော်ကိုင်ဖက်များ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် ထမ်းဆောင်ပြီးနောက် လက်တွဲလုပ်ဆောင်ခဲ့ကြသည့် လုပ်ဖော်ကိုင်ဖက်များ အားလုံးကို အထူးကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း။

စာမျက်နှာ ၄ သို့

လက်ရှိတပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် ထမ်းဆောင်လျက်ရှိသည့် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် လွှဲပြောင်းလက်ခံတာဝန်ထမ်းဆောင်မည့် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူရဲဝင်းဦး ထံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အဆောင်အယောင်ဓားကို လွှဲပြောင်းပေးအပ်စဉ်။

“ခေတ်အဆက်ဆက် တပ်မတော်ခေါင်းဆောင်ကြီးများ မျှော်မှန်းတည်ဆောက်ခဲ့သည့်အတိုင်း အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်ကြီးဖြစ်အောင် ကြိုးပမ်းတည်ဆောက်ခဲ့၊ ထိုသို့တည်ဆောက်သည့်နေရာတွင် ယခင်တပ်မတော်အကြီးအကဲများ၏ လမ်းညွှန်ဆုံးမ ဩဝါဒများ၊ ဖြတ်သန်းခဲ့ရသည့် ဘဝအတွေ့အကြုံများနှင့်ပေါင်းစပ်ပြီး အကောင်းဆုံးဆောင်ရွက်ခဲ့ခြင်းဖြစ်၊ ထို့ကြောင့်လည်း တပ်မတော်၏ စွမ်းရည်မြင့်မားရေး၊ နိုင်ငံတကာတပ်မတော်များနှင့် ရင်ပေါင်တန်းနိုင်ရေးတို့ကို အတိုင်းအတာတစ်ရပ်အထိ ရောက်အောင် မြှင့်တင်စွမ်းဆောင်ပေးနိုင်ခဲ့”

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်

လက်ရှိတပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် ထမ်းဆောင်လျက်ရှိသည့် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် လွှဲပြောင်းလက်ခံတာဝန်ထမ်းဆောင်မည့် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူရဲဝင်းဦး ထံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ အလံကို လွှဲပြောင်းပေးအပ်စဉ်။

လက်ရှိတပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် ထမ်းဆောင်လျက်ရှိသည့် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် လွှဲပြောင်းလက်ခံတာဝန်ထမ်းဆောင်မည့် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူရဲဝင်းဦး ထံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဦးစီးကွပ်ကဲမှုတံဆိပ်ကို တပ်ဆင်ပေးစဉ်။

စာမျက်နှာ ၃ မှ

မျိုးဆက်သစ် တပ်မတော်ခေါင်းဆောင်များ အနေဖြင့်လည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်တို့၏ ဦးဆောင်မှုအောက်တွင် တပ်မတော်၏တာဝန်များကို စုစည်းညီညွတ်စွာဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားလိုကြောင်း၊ ကမ္ဘာတည်သရွေ့ မြန်မာတည်ရမည်၊ မြန်မာတည်သရွေ့ မြန်မာ့တပ်မတော်တည်ရှိရမည်၊ ကောင်းမြတ်သည့် တပ်မတော်၏ သမိုင်းအစဉ်အလာများကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံတော်က အားထားရသော၊ ပြည်သူလူထုကအားကိုးရသော တပ်မတော်အဖြစ် ဆက်လက်ရပ်တည်သွားကြပါဟု ဆန္ဒပြုကြောင်း ပြောကြားသည်။

ထို့နောက် စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် ထိန်ဝင်း က ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူ ရဲဝင်းဦးအား ကာကွယ်ရေးဦးစီးချုပ်ရုံး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရာထူး ခန့်အပ်ကြောင်း ခန့်အပ်လွှာအား ဖတ်ကြားတင်ပြသည်။

ယင်းနောက် လက်ရှိတပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် ထမ်းဆောင်လျက်ရှိသည့် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုခမွေမင်းအောင်လှိုင်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် လွှဲပြောင်းလက်ခံတာဝန်ထမ်းဆောင်မည့် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူ ရဲဝင်းဦးထံသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အဆောင်အယောင်ဓားနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ အလံတို့ကို လွှဲပြောင်းပေးအပ်ပေးပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဦးစီးကွပ်ကဲမှုတံဆိပ်ကို တပ်ဆင်ပေးသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန် လက်ခံထမ်းဆောင်သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူ ရဲဝင်းဦး က တာဝန်လွှဲပြောင်း ပေးအပ်ခဲ့သည့် ယခင်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဂုဏ်ပြုအဆောင်အယောင်ဓားကို ဂါရဝပြု ပြန်လည်ပေးအပ်သည်။

ထို့နောက် မြန်မာ့တပ်မတော်၏ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်များအား လွှဲပြောင်းလက်ခံတာဝန်ထမ်းဆောင်သည့် ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူ ရဲဝင်းဦးက မိန့်ခွန်းပြောကြားရာတွင် လက်ရှိတပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်ယူခဲ့သည့် ၁၅ နှစ်တာကာလအတွင်း ခေတ်မီတပ်မတော် (Standard Army) တည်ဆောက်ရေး လုပ်ငန်းစဉ်များကို စနစ်တကျ အကောင်အထည်ဖော်လုပ်ဆောင်ခဲ့ပါကြောင်း၊ မိမိအနေဖြင့်လည်း တပ်မတော်ကို သမားရိုးကျ စစ်ဆင်နွှဲနိုင်သည့်၊ တိုက်စွမ်းရည်နှင့် တိုက်စွမ်းအားရှိသည့် ခေတ်မီတပ်မတော်တစ်ရပ်အဖြစ် ရည်မှန်းချက်ထားဖွဲ့စည်းတည်ဆောက်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် ခေတ်အဆက်ဆက်တွင် ဒို့တာဝန်အရေး (၃)ပါးကို အမျိုးသားရေးတာဝန်အဖြစ် ခံယူထားကြောင်း၊ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားဖြစ်သည့် ဒို့တာဝန်အရေး(၃)ပါးကို ဆက်လက်ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်က အတည်ပြုပြဋ္ဌာန်းထားသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်သကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ "အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရန်၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို စောင့်ရှောက်ရန်" တာဝန်ပေးထားသည့် အတွက် ယခုတာဝန်များကို သစ္စာရှိရှိ ကျေပွန်စွာဖြင့် ဆက်လက်ကြိုးပမ်း ထမ်းဆောင်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတစ်ရပ်လုံး၏ လိုလားချက်ဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းကို ဆက်လက်လျှောက်လှမ်းနိုင်ရေးအတွက် တာဝန်များကို ထမ်းဆောင်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ရာတွင် အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ချမှတ်ထားသည့် "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဆိုသည့် ဆောင်ပုဒ်အတိုင်း လိုက်နာကျင့်သုံးပြီး တိုက်စွမ်းအားနှင့် တိုက်စွမ်းရည်ရှိသည့် တပ်မတော်ဖြစ်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ "ပြည်သူသာ အမိ၊ ပြည်သူသာအဖ" ဆိုသည့် မူဝါဒကို လိုက်နာပြီး တပ်နှင့်ပြည်သူ တစ်သားတည်းဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အရပ်ဘက်–စစ်ဘက် ဆက်ဆံရေး တိုးတက်ကောင်းမွန်စေရန် တပ်တွင်း၊ တပ်ပြင်စည်းရုံးရေးကို အကောင်းဆုံး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်နှင့် ခေါင်းဆောင်အဆက်ဆက်က အမြော်အမြင်ရှိရှိ ချမှတ်ထားခဲ့သော "မွန်မြတ်သည့် လက်ဆင့်ကမ်းအမွေကို ထိန်းသိမ်းပြီး တပ်မတော်နှင့် နိုင်ငံ့ဂုဏ်ကို ဆက်လက်မြှင့်တင်သွားကြရန်" ဆိုသည့် တိုက်တွန်းမှာကြားမှုကို အလေးအနက် လိုက်နာဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ တပ်မတော်၏ကောင်းမြတ်သည့် သမိုင်းအစဉ်အလာများကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံတော်က အားထားရသော တပ်မတော်၊ ပြည်သူလူထုက အားကိုးရသော တပ်မတော်ဖြစ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်ကို အလေးအနက်ထားပြောကြားလိုပါကြောင်း။

မိမိတို့အနေဖြင့် တာဝန်ထမ်းဆောင်ခဲ့သည့် ကာလတစ်လျှောက်လုံးတွင် ပေးအပ်သည့် အမိန့်နှင့် တာဝန်များကို ဦးလည်မသုန်ကျဖွန်စွာ ကြိုးပမ်းထမ်းဆောင်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အဖြစ် ယုံကြည်စွာ တာဝန်ပေးအပ်ခဲ့သည့် တပ်မတော်အကြီးအကဲများကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ အထက်အကြီးအကဲများ၏ ယုံကြည်မှုနှင့် ထိုက်တန်စွာ နိုင်ငံတော်အကျိုး တပ်မတော်အကျိုးကို ကိုယ်စွမ်း ဉာဏ်စွမ်း ရှိသမျှကြိုးပမ်းထမ်းဆောင်သွားမည်ကို ကတိပြုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်လွှဲပြောင်းပေးအပ်ခဲ့သည့် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုခမွေမင်းအောင်လှိုင်နှင့် တာဝန်လက်ခံ ထမ်းဆောင်သူ ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူ ရဲဝင်းဦးတို့သည် ဂုဏ်ပြုတပ်ခွဲ၏ အလေးပြုခြင်းကို ခံယူပြီး ဂုဏ်ပြုတပ်ခွဲက စစ်ကြောင်းပုံပြုချီတက်အလေးပြု၍ ပြန်လည်ထွက်ခွာသည်။

ဆက်လက်၍ မြန်မာ့တပ်မတော်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တာဝန်များအား လွှဲပြောင်းပေးအပ်ခဲ့သည့် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုခမွေ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ကာကွယ်ရေးဦးစီးချုပ်ရုံး၊ ရုံးဌာနအသီးသီးမှ ဂါရဝပြုပေးအပ်သည့် အမှတ်တရ လက်ဆောင်ပစ္စည်းများအား ကြည့်ရှုကြသည်။

ယင်းနောက် မြန်မာ့တပ်မတော်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တာဝန်များအား လက်ဆင့်ကမ်း လွှဲပြောင်းပေးအပ်ခဲ့သည့် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုခမွေ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ လိုက်ပါလာသည့် မော်တော်ယာဉ်သည် ဇေယျာသီရိဗိမာန်မှ ပြန်လည်ထွက်ခွာရာ ဂုဏ်ပြုစစ်တီးဝိုင်း၏ ဂုဏ်ပြုတီးခတ်သီဆို့မှုနှင့်အတူ ဂုဏ်ပြုပြခြင်းစီးတပ်ဖွဲ့မှ လိုက်ပါ၍တက်၍ စစ်ရေးပြအခမ်းအနားဖြင့် ပို့ဆောင်နှုတ်ဆက်ကြသည်။

ယနေ့ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြန်မာ့တပ်မတော် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်လွှဲပြောင်းလက်ခံခြင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုခမွေ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ လိုက်ပါလာသည့် မော်တော်ယာဉ် ဇေယျာသီရိဗိမာန်မှ ပြန်လည်ထွက်ခွာရာ ဂုဏ်ပြုမြင်းစီးတပ်ဖွဲ့မှ လိုက်ပါ၍တက်၍ စစ်ရေးပြအခမ်းအနားဖြင့် ပို့ဆောင်နှုတ်ဆက်ကြစဉ်။

" နိုင်ငံတော်နှင့် ခေါင်းဆောင်အဆက်ဆက်က အမြော်အမြင်ရှိရှိ ချမှတ်ထားခဲ့သော "မွန်မြတ်သည့် လက်ဆင့်ကမ်းအမွေကို ထိန်းသိမ်းပြီး တပ်မတော်နှင့် နိုင်ငံ့ဂုဏ်ကို ဆက်လက်မြှင့်တင်သွားကြရန်" ဆိုသည့် တိုက်တွန်းမှာကြားမှုကို အလေးအနက် လိုက်နာဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ တပ်မတော်၏ကောင်းမြတ်သည့် သမိုင်းအစဉ်အလာများကို ဆက်လက်ထိန်းသိမ်းကာ နိုင်ငံတော်က အားထားရသော တပ်မတော်၊ ပြည်သူလူထုက အားကိုးရသော တပ်မတော်ဖြစ်အောင် ဆက်လက်ဆောင်ရွက်သွားမည် "

ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူ ရဲဝင်းဦး

လက်ရှိမြန်မာ့တပ်မတော်၏ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိဗျုဟ်ချီ မဟာသရေစည်သူ စိုးဝင်းနှင့် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်တာဝန် လွှဲပြောင်းလက်ခံ တာဝန်ထမ်းဆောင်မည့် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သရေစည်သူ ကျော်စွာလင်းတို့ ဂုဏ်ပြုတပ်ခွဲ၏ အလေးပြုခြင်းကို ခံယူကြစဉ်။

❑ *ကျော်ဗုံးမှ*

ထိုသို့ ဂုဏ်ပြုတပ်ခွဲ၏ အလေးပြုခြင်းကို ခံယူနေချိန်တွင် ဂုဏ်ပြုအမြောက်တပ်ဖွဲ့မှလည်း အမြောက် ၁၇ ချက်ကို စစ်ရေးပြအခမ်းအနားဖြင့် ဂုဏ်ပြုပစ်ဖောက်သည်။

ယင်းနောက် လက်ရှိမြန်မာ့တပ်မတော်၏ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်ထမ်းဆောင်လျက်ရှိသည့် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိဗျုဟ်ချီ မဟာသရေစည်သူ စိုးဝင်းသည် ဂုဏ်ပြုတပ်ခွဲအား စစ်ဆေးသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိဗျုဟ်ချီမဟာသရေစည်သူစိုးဝင်းက ဂုဏ်ပြုမိန့်ခွန်းပြောကြားရာတွင် တပ်မတော်သည် မျိုးဆက်သစ် ငယ်ရွယ်နုပျိုလန်းဆန်းသည့် တပ်မတော်ဖြစ်စေရေးအတွက် လွတ်လပ်ရေးမရမီအချိန်၊ လွတ်လပ်ရေးရရှိပြီးအချိန်မှ ယခုအချိန်အထိ အဆင့်ဆင့်သော ခေါင်းဆောင်များက လေ့ကျင့်သင်ကြားပေးပြီး တာဝန်များကို အသီးသီး လွှဲပြောင်းပေးအပ်ခဲ့ကြကြောင်း၊ တပ်မတော်တွင် မည်သူတာဝန်ထမ်းဆောင်သည်ဖြစ်စေ ပေးအပ်သည့်လုပ်ငန်းတာဝန်များကို လုပ်ဆောင်နိုင်သည့် စွမ်းရည်ပြည့်ဝပြည့်စုံသည့် တပ်မတော်သားများစွာရှိကြောင်း၊ တပ်မတော်သားများသည် တပ်မတော်မှ လေ့ကျင့်သင်ကြားပေးလျက်ရှိသည့် သင်တန်းများ၊ မွမ်းမံသင်တန်းများ၊ စစ်မြေပြင်အတွေ့အကြုံများ၊ ဦးစီးအရာရှိတာဝန်ထမ်းဆောင်သည့်အတွေ့အကြုံများ၊ နည်းပြများနှင့် အဆင့်ဆင့်သော သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများ၏ သင်ကြားလေ့ကျင့်ပေးမှုများ၊ မျှဝေခံစားမှုများနှင့် လမ်းညွှန်မှုများကြောင့် စွမ်းရည်ပြည့်ဝသည့် တပ်မတော်သားများ ဖြစ်လာကြကြောင်း၊ ထိုသို့ တာဝန်ထမ်းဆောင်နိုင်ရေးအတွက် လက်အောက်ရှိ အဆင့်ဆင့်သော အရာရှိများကိုလည်း အကြီးအကဲများက လေ့လာ၊ လေ့ကျင့်၊ လိုက်နာ ဟူသော ဆောင်ပုဒ်ခန့်အညီ လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း၊ တပ်မတော်တွင် တာဝန်တစ်ခုလွှဲပြောင်းခြင်းသည် သာမန်လွှဲပြောင်းခြင်းမဟုတ်ဘဲ ယုံကြည်မှု၊ စိတ်ချမှု၊ သင့်တော်သူများကို ကြိုတင်လေ့ကျင့်ပေးမှုတို့ဖြင့် တာဝန်များကို လွှဲပြောင်းပေးအပ်ခြင်းဖြစ်သည်ကို ပြောကြားလိုကြောင်း၊ တစ်နည်းအားဖြင့် တပ်မတော်တွင် ငယ်ရွယ်နုပျိုသည့် ခေါင်းဆောင်များသည် အတွေ့အကြုံနှင့်ယှဉ်၍ ခေါင်းဆောင်မှသာ တပ်မတော်၏ အဓိကတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေး၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်ရေးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ကာကွယ်စောင့်ရှောက်ရေး တာဝန်များနှင့် တကဲရောက်လာသည့် နိုင်ငံတော်အစိုးရနှင့်လက်တွဲ၍ နိုင်ငံ့အရေးကို ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ငယ်ရွယ်နုပျိုသည့် မျိုးဆက်သစ်များအား အဆင့်ဆင့်သောတာဝန်များကို လွှဲပြောင်းပေးခြင်းဖြစ်ကြောင်း၊ မိမိတာဝန်ထမ်းဆောင်စဉ် ကာလအတွင်းတွင် လမ်းညွှန်ဆောင်ရွက်မှုများ ပြုလုပ်ပေးခဲ့သည့် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ အားလုံးကို ဂါရဝပြု၊ အလေးအမြတ်ပြုပါကြောင်း၊ ထို့ပြင် ၁၅ နှစ်တာ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း တာဝန်ထမ်းဆောင်မှုများအပေါ်တွင် နားလည်မှု၊ ခွင့်လွှတ်မှု၊ စာနာမှုတို့ဖြင့် ဦးစီးဦးဆောင်မှုပြုခဲ့သည့် ယခင်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အားလည်း ကျေးဇူးတင်၊ လေးစား၊ ဂုဏ်ယူပါကြောင်း၊ ယခုကဲ့သို့ အဆင့်ဆင့်သော သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများ၏ သွန်သင်ဆုံးမ၊ သြဝါဒပေးမှုများကြောင့်လည်း တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း အမှားအယွင်းအနည်းဆုံးဖြင့် တာဝန်ထမ်းဆောင်နိုင်ခဲ့ကြောင်း၊ မိမိတို့ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း တပ်မတော်တွင် တာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားများနှင့် မိသားစုဝင်များ၏ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေး၊ စစ်ဆင်ရေးအောင်မြင်ရေးနှင့် အထိအခိုက်အကျအဆုံးအနည်းဆုံးဖြင့် အောင်မြင်ရေး စသည်တို့ကိုရည်မှန်း၍ အတွေ့အကြုံနှင့် သွန်သင်ဆုံးမမှုများ၊ သင်ကြားပေးခဲ့သည့် စစ်ပညာများကို အသုံးချ၍ မှန်ကန်သည့် စိတ်ရင်းစေတနာဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များထမ်းဆောင်ရာတွင် အောင်မြင်မှု၊ ဆုံးရှုံးမှုများ ရှိနိုင်သော်လည်း အဓိကအရေးကြီးသည်မှာ တပ်မတော်တွင် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း တိုးတက်ကောင်းမွန်သည့် တပ်မတော်၊ ပြည်သူကအားကိုးရသည့် တပ်မတော်ဖြစ်စေရန် ရည်မှန်းချက်များကို အကြီးအကဲများက ချမှတ်ထားသည့် မူဝါဒများ၊ လမ်းညွှန်ချက်များဖြင့် ဆောင်ရွက်ခဲ့ပြီး တစ်ဦးနှင့်တစ်ဦး နားလည်မှု၊ သည်းခံမှု၊ စာနာမှုတို့ဖြင့် ပေါင်းစပ်၍ ဆောင်ရွက်ခဲ့ကြောင်း၊ နောင်တွင်လည်း ယခုကဲ့သို့ပင် တာဝန်ယူမှု၊ လေးစားမှု၊ ချစ်ကြည်မှု၊ နားလည်မှု၊ စာနာမှုတို့ဖြင့် ပေါင်းစပ်၍ ဆောင်ရွက်သွားပါက မိမိတို့တပ်မတော်သည် အစဉ်နှုတ်ချေနေသည့် တပ်မတော်၊ နိုင်ငံတကာက လေးစားအားကျရသည့် တပ်မတော်၊ နိုင်ငံသားများ၏ ယုံကြည်၊ အားကိုး၊ လေးစား၊ ယုံကြည်စိတ်ချ ချစ်ခင်မြတ်နိုးသည့် တပ်မတော်အဖြစ် အစဉ်အမြဲ ဖြစ်နေမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့်လည်း တပ်မတော်သာအမိ၊ တပ်မတော်သာအဖ ဖြစ်သည့်အတွက် နောင်တွင်လည်း တပ်မတော်က လိုအပ်လာသည့် မည်သည့် အချိန်တွင်ဖြစ်စေ အမြဲတမ်းအဆင်သင့်၊ အမြဲတမ်းအသင့်ဖြစ်နေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် ထိန်ဝင်းက ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သရေစည်သူ ကျော်စွာလင်းအား ကာကွယ်ရေးဦးစီးချုပ်ရုံး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ရာထူးကို ပူးတွဲခန့်အပ်ကြောင်း ခန့်အပ်လွှာကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် လက်ရှိ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိဗျုဟ်ချီ မဟာသရေစည်သူ စိုးဝင်းက ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်ကို လွှဲပြောင်းလက်ခံတာဝန် ထမ်းဆောင်မည့် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သရေစည်သူ ကျော်စွာလင်းအား ကာကွယ်ရေးဦးစီးချုပ်၏ အလေးပြုခြင်းအခမ်းအနားသို့ ဦးဆောင်ခေါ်ဆောင်သွားခဲ့ပြီးနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အဆောင်အယောင်ခေးနှင့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ အလံတို့ကို လွှဲပြောင်းပေးအပ်ပြီး ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဦးစီးကွပ်ကဲမှုတံဆိပ်ကို တပ်ဆင်ပေးသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် လက်ခံထမ်းဆောင်သည့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သရေစည်သူ ကျော်စွာလင်းက တာဝန်လွှဲပြောင်း ပေးအပ်ခဲ့သည့် ယခင်ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိဗျုဟ်ချီ မဟာသရေစည်သူစိုးဝင်းထံသို့ ဂုဏ်ပြုအဆောင်အယောင်ခေးကို ဂါရဝပြုပြန်လည် ပေးအပ်သည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် လွှဲပြောင်းပေးအပ်ခဲ့သည့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သီရိဗျုဟ်ချီ မဟာသရေစည်သူ စိုးဝင်းနှင့် တာဝန်လက်ခံထမ်းဆောင်သူ ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သရေစည်သူ ကျော်စွာလင်းတို့သည် ဂုဏ်ပြုတပ်ခွဲ၏ အလေးပြုခြင်းကို ခံယူပြီး ဂုဏ်ပြုတပ်ခွဲက စစ်ကြောင်းပုံပြုချီတက် အလေးပြု၍ ပြန်လည်ထွက်ခွာသည်။

ယင်းနောက် မြန်မာ့တပ်မတော်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တာဝန်များအား လွှဲပြောင်းပေးအပ်ခဲ့သည့် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိဗျုဟ်ချီ မဟာသရေစည်သူ စိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွယ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တာဝန်များကို လွှဲပြောင်းလက်ခံတာဝန်ထမ်းဆောင်သည့် ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သရေစည်သူ ကျော်စွာလင်းနှင့် ဇနီး ဒေါ်ကတာနန်းကူးကူ တို့သည် အခမ်းအနားတက်ရောက်လာကြသည့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ မြန်မာ့တပ်မတော်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တာဝန်များကို လွှဲပြောင်းပေးအပ်ခဲ့သည့် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိဗျုဟ်ချီ မဟာသရေစည်သူ စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့သည် ကာကွယ်ရေးဦးစီးချုပ်ရုံး၊ ရုံးဌာနအသီးသီးမှ ပေးအပ်သည့် ဂါရဝပြုအမှတ်တရ လက်ဆောင်ပစ္စည်းများကို ကြည့်ရှုကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် မြန်မာ့တပ်မတော်၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ တာဝန်များကို လက်ဆင့်ကမ်း လွှဲပြောင်းပေးအပ်ခဲ့သည့် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိဗျုဟ်ချီ မဟာသရေစည်သူ စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့ လိုက်ပါလာသည့် မော်တော်ယာဉ်သည်ဒေယျာသီရိဗိမာန်မှ ပြန်လည်ထွက်ခွာရာ နိုင်ငံတော် ဂုဏ်ပြုစစ်တီးဝိုင်း၏ ဂုဏ်ပြုတီးခတ်သီဆို့မှုဖြင့် နှုတ်ဆက်ကြသည်။

ယနေ့ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြန်မာ့တပ်မတော်၏ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်လွှဲပြောင်းလက်ခံခြင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

> **“ တပ်မတော်တွင် တာဝန်တစ်ခုလွှဲပြောင်းခြင်းသည် သာမန်လွှဲပြောင်းခြင်းမဟုတ်ဘဲ ယုံကြည်မှု၊ စိတ်ချမှု၊ သင့်တော်သူများကို ကြိုတင်လေ့ကျင့်ပေးမှုတို့ဖြင့် တာဝန်များကို လွှဲပြောင်းပေးအပ်ခြင်းဖြစ်၊ တစ်နည်းအားဖြင့် တပ်မတော်တွင် ငယ်ရွယ်နုပျိုသည့် ခေါင်းဆောင်များသည် အတွေ့အကြုံနှင့်ယှဉ်၍ ခေါင်းဆောင်မှသာ တပ်မတော်၏ အဓိကတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေး၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်ရေးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ကာကွယ်စောင့်ရှောက်ရေးတာဝန်များနှင့် တကဲရောက်လာသည့် နိုင်ငံတော်အစိုးရနှင့်လက်တွဲ၍ နိုင်ငံ့အရေးကို ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ငယ်ရွယ်နုပျိုသည့် မျိုးဆက်သစ်များအား အဆင့်ဆင့်သောတာဝန်များကို လွှဲပြောင်းပေးခြင်းဖြစ်ကြောင်း ”**
>
> **ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိဗျုဟ်ချီ မဟာသရေစည်သူ စိုးဝင်း**

မြန်မာမှု

မောင်လူမွေး (မြန်မာမှု)

မြန်မာမှု ဟူသောဝေါဟာရသည် အနက်အဓိပ္ပာယ် ကျယ်ပြန့်လှပေ၏။ သို့သော် "မြန်မာမှု" ဆိုသည်နှင့် တစ်ဖြိုင်နက် ဘာကိုဆိုလိုသည်ဟု လည်း သဘောပေါက် သိလွယ်ကြပါ၏။

ဥပမာ လယ်ယာ ကိုင်းကျွန်း၊ ဥယျာဉ်ခြံမြေ၊ ကျောင်းကန်ဘုရား၊ စုံစီနဖာ စသည့် နာမ်ပေါင်းဝေါဟာရများသည် အတိအကျပြောရန် ခက်သော်လည်း မြန်မာတိုင်း သိကြသည်။ သဘောပေါက်ကြသည် ဟုဆိုရာ၏။

ထိုသို့ပင် မြန်မာမှုဆိုသည်မှာလည်း မြန်မာတို့၏ ပြုမူလုပ်ကိုင် ပြောဆိုကျင့်သုံးမှုများပင်ဖြစ်ပေသည်။ သို့သော် ထိုပြုမူပြောဆို လုပ်ကိုင်ရာရာတိုင်းကို မြန်မာမှုဟု ခေါ်ဆို၍မရပေ။

ဥပမာ ထမင်းစားကြသည်ဆိုသောအရာကို မြန်မာမှုဟုဆို၍ မရပေ။ ထမင်းစားနေစဉ် ဧည့်သည်တစ်ဦးဦး ရင်းနှီးသူတစ်ဦးဦး ရောက်လာသောအခါ "လာစားပါဦး" "ဘာဟင်းနဲ့စားကြတုံး" ဟုဆို၍ ဖိတ်မန္တ္တကပြုခြင်း၊ မေးမြန်းခြင်းသည်သာ မြန်မာ့ယဉ်ကျေးမှု (မြန်မာမှု) ဖြစ်ပေသည်။

ရှေးခေတ်က ဒေါင်းလန်းကြီးနှင့် မိသားစုလိုက်ထမင်းစားကြသည် လည်း **မြန်မာမှု**ပင်ဖြစ်သည်။ သို့သော် ကိုယ့်အတွက်မပါဘဲ "စားပါဦးလား" လို့ပြောရပျိုမလား၊ "ဘာဟင်းနဲ့စားကြတုံး" ဆိုတာ သူတစ်ပါး တို့ရဲ့ ကိုယ်ရေးကိုယ်တာကို စပ်စုတာပဲ၊ ဒေါင်းလန်းကြီးပေါ် ထမင်းဟင်းတွေပုံပြီး မိသားစုဝိုင်းစားကြသည်ကို ကျန်းမာရေးအရ မကောင်းဘူးပေါ့ဟူသောအမြင်မျိုး ရှထောင့်မျိုးနှင့် သုံးသပ်ပါက ထိုမြန်မာမှု (ဓလေ့ထုံးတမ်း ယဉ်ကျေးမှု) ပျက်တော့၏။

ယနေ့တိုင် ကျေးလက်တောရွာဒေသများတွင် (ဒေါင်းလန်းနှင့် မစားကြတော့သည်မှအပ) လောကွတ်အရဖိတ်မန္တ္တကပြုခြင်း၊ မေးမြန်း ခြင်း စသည့်ဓလေ့များမှာ ရှိနေဆဲဖြစ်သည်။

ထိုသို့သော ပြောဆိုလုပ်ကိုင်ကျင့်သုံးနေထိုင်မှု စသည့်မြန်မာမှု များကား ... အကြောင်းအရာအလိုက် ကဏ္ဍအလိုက်များလှပါဘိ။ အကျဉ်းချုပ်ရပါက စာပေ အနုပညာ ယဉ်ကျေးမှု (ဓလေ့ထုံးတမ်းများ) အစုစုတို့မှ ဖြာထွက်သော အကြောင်းအရာများ ဖြစ်ပေသည်။

မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာယုံကြည်ကိုးကွယ်မှု စတင်လာခဲ့ သည်မှာ နှစ်ထောင်ချီ၍ရှိခဲ့ပေပြီ။ ကြာခဲ့ပေပြီ။ ထိုစာပေအနုပညာ ယဉ်ကျေးမှုဓလေ့ထုံးစံစသည်တို့မှာ ဗုဒ္ဓဘာသာကိုအခြေခံ၍ ပေါ်ပေါက်လာသော **မြန်မာမှု**များဖြစ်ပေသည်။

ဆရာကြီး ဒေါက်တာသန်းထွန်း ဂျပန်နိုင်ငံတွင် သမိုင်းပညာရှင် အဖြစ်နေခဲ့စဉ် ဂျပန်လူမျိုးတို့၏ စားသောက်နေထိုင်မှု၊ ဝတ်စား ဆင်ယင်မှု၊ ယုံကြည်ကိုးကွယ်မှု စသည်များကို မှတ်တမ်းပြုထားသည် ကို ဂျပန်မှ ၁၀၀ အတွဲ ၁၊ အတွဲ ၂ ဟု ထုတ်ဝေထား၏။ ဂျပန်နိုင်ငံ တည်ဆောက်မှုတွင် ထိုဂျပန်မှုများသည် မည်မျှအရေးပါကြောင်းကို လည်း သမိုင်းပညာရှင်ပီပီ အမြွှက်မျှ ဖော်ပြထား၏။

ဤသို့ပင် မြန်မာနိုင်ငံအနေနှင့်လည်း လွတ်လပ်ရေးရပြီးခါစမှ စတင်ကာ မြန်မာမှုများ မည်မျှအရေးပါကြောင်းနှင့် ထိုမြန်မာမှုများကို ထိန်းသိမ်းရမည်ဟူသော မူဝါဒကို ချမှတ်ခဲ့ကြပေသည်။

လွတ်လပ်ရေးရှိပြီး တိုင်းပြုပြည်ပြု ဗလငါးတန်ဖွဲ့ဖြိုးမှု (ကာယ ဗလ၊ ဉာဏ်ဗလ၊ စာရိတ္တဗလ၊ ဘောဂဗလ၊ မိတ္တဗလ) များကို ကြိုးပမ်း လုပ်ဆောင်ကြရာတွင် (ဆိုရန်တိုဗီလာစီမံကိန်းအရ) မြန်မာမှုများ အရေးပါပုံကို သခင်နုက အောက်ပါအတိုင်း ရေးသားထားလေသည်။

"ဒဂုဏ်ပဒ္ဒိုးဘတင်၏ အသံလွှင့်ချက်များကို စုပေါင်းထုတ်ဝေသော စာအုပ်တွင် ဗဟုသုတဖြစ်ဖွယ် အကြောင်းအရာများပါဝင်၍ စာဖတ် ပရိသတ်တို့ အကျိုးများမည်မှာ ယုံမှားဖွယ်ရာမရှိပေ။ မြန်မာဂီတ၊ သဘင် စသည်များကို စိတ်ဝင်စားသူတို့သည် ဤစာအုပ်ကို အထူး ဂရုပြု ဖတ်ရှုကြစေလိုပါသည်" ဟု **ဒဂုဏ်ပဒ္ဒိုးအသံမြန်မာမှု** စာအုပ်နိဒါန်း တွင် အမှာစာ ရေးသားလေသည်။

ဆရာကြီး ဦးဖိုးလတ်၏ ရှေးဟောင်းမြန်မာရာဇဝင်နှင့် ယဉ်ကျေး မှု သုတေသနစာ နိဒါန်းတွင်လည်း ...သုတေသနပြုသူတို့၏ စေတနာ စိတ်ထားကောင်းသော်လည်း အချို့နေရာတွင် မှားယွင်းချွတ်ချော် မှုများကြောင့် လိုရင်းမရောက်ဖြစ်ပြန်တတ်သည်။ **မြန်မာစာ မြန်မာမှု** တို့နှင့် ပွန်းတီးခြင်းရှိသည့် တိုင်းရင်းသားများ ပြည်ထောင်စုဖွားများ လိုအပ်ပေသည်ဟု နိဒါန်းချီထားသည်ကိုလည်း တွေ့ရပေသည်။ ထိုစာအုပ်ပါ အကြောင်းအရာများမှာ ရှေးဟောင်းမြန်မာရာဇဝင်နှင့် ယဉ်ကျေးမှု သုတေသနဆိုင်ရာ စာပေများဖြစ်ပါသည်။

ကဗျာကဝိစာဆို ဆရာကြီးမင်းသုဝဏ်ကလည်း ...လူမျိုး၏စာပေ၊ လူမျိုး၏ ယဉ်ကျေးမှု၊ လူမျိုး၏ အနုပညာ၊ လူမျိုး၏ ဓလေ့ထုံးစံတို့နှင့်

- **အချို့သော ရိုးရာဓလေ့များသည် ခေတ်လူ့အဖွဲ့အစည်း တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ တိမ်မြုပ်ပျောက်ကွယ်သွားကြသည်။ ရှေးခေတ်ယောကျ်ားများမှာ ထိုးကွင်းမင်ကြောင်ထိုး ကြသည့်ဓလေ့ရှိပေသည်။ ထိုဓလေ့သည် ယောကျ်ားပီသခြင်း၊ ခံနိုင်ရည်ရှိခြင်း စသည့် အချက်အလက်များကိုအခြေခံ၍ တည်တံ့ခဲ့ခြင်းဖြစ်ပေသည်။ ယနေ့ မြန်မာလူငယ်များကို ထိုစံဖြင့် တိုင်းတာဆုံးဖြတ်၍ မရတော့ပေ**
- **ထို့အတူ မိန်းကလေးများအနေဖြင့်လည်း ဝါဖတ်ပိုင်းငင်၊ ရက်ကန်းစင်ဝင် စသည့်လုပ်ဆောင် ချက်များရှိမှ မိန်းကလေးအင်္ဂါများ ပြည့်စုံပြီဟု သတ်မှတ်သောခေတ် မဟုတ်တော့ပေ**
- **မြန်မာမှုဆိုသော်လည်း ယနေ့ခေတ် ဒေါင်းလန်းနှင့် စားနေကြ၍ မဖြစ်တော့ပေ။ ထမင်း စားပြီးပြီလား၊ ဘာဟင်းနှင့်စားသလဲ၊ စားပါဦးလား စသည့်ချစ်စရာ ရပ်ဓလေ့ ရွာဓလေ့များကို ပြည်ပနိုင်ငံကြီးများတွင် သုံး၍မဖြစ်နိုင်ပေ**
- **သို့သော် အချို့သော ရိုးရာဓလေ့ပွဲသဘင်နှင့် အစဉ်အလာကိစ္စရပ်များသည် ယဉ်ကျေးမှုအနေနှင့် ရှိနေကြရမည့် မြန်မာမှုများ ဖြစ်ပေသည်**

စပ်ဆိုင်သော ဆောင်းပါးများ၊ ဟောပြောချက်များ၊ စာတမ်းစသည် များသည် ယဉ်ကျေးမှုနှင့် စာပေရေးရာ **မြန်မာစာ မြန်မာမှု**ဖြစ်ပါ ကြောင်းကို သူ၏စာအုပ်တွင် အညွှန်းဆိုထားပါသည်။

ကြည်ဦး၏ ရှေးထုံးစဉ်လာ မြန်မာမှုများစာအုပ်တွင် – ဘိသိက် သွန်းလောင်းခြင်း၊ ဘုရားကိုးဆူပူဇော်ခြင်း၊ မနုသီဟရုပ်တု၊ ငါးကြင်း ပြီး၊ ဟသံရုပ်ကွမ်းခွက်၊ လောကနတ်၊ စန္ဒရမြားကြိုး၊ လမိုင်းစသည် တို့ကို **မြန်မာမှု** အဖြစ် ရေးသားခြယ်ပြထားလေသည်။

ဦးတင်လှကလည်း – ထိုးကွင်းမင်ကြောင်၊ ပတ်ခြောက်ပိုင်း၊ ရုပ်သေးသဘင်၊ ကျောက်ပြင်၊ သနပ်ခါး၊ ဇရပ်၊ မြန်မာစာရေးကိရိယာ၊ ရွေးဟောင်းမြန်မာလက်မှုပညာ၊ မြန်မာအိုးခွက် စသည်တို့ကို **မြန်မာမှု** ဆိုင်ရာများအဖြစ် ဖွင့်ဆိုထားလေသည်။ ဤအချက်အလက်များကို အကြောင်းပြု၍ မြန်မာမှုဆိုင်ရာများသည် အရာရာနှင့် ဆက်စပ်နေ မှုရှိသည်ဟု ဆိုရပေမည်။

မြန်မာမှုဝေါဟာရအဓိပ္ပာယ်အောက်တွင် ဘာသာရေး စာပေ အနုပညာယဉ်ကျေးမှုစသည်များ အများအပြားပင်ရှိလေသည်။ ခေတ်အဆက်ဆက် ဘာသာရေး၊ သမိုင်းရာဇဝင်၊ အနုပညာ၊ ယဉ်ကျေး မှု စသည်တို့တွင် **မြန်မာမှု** ဟူသော ဝေါဟာရသည် အလျဉ်းသင့်သလို ပါလာစမြဲ ဖြစ်ပေသည်။

ဤဝေါဟာရသည် မည်သည့်ခေတ်ကာလလောက်မှ ပေါ်လာ သနည်းဟု သုတေသနပြုမိရာ အင်းဝခေတ်ကပင် စတင်သုံးစွဲကြောင်း တွေ့မိပါသည်။

အင်းဝခေတ် စာဆိုတော် ရှင်မဟာရဋ္ဌသာရ၏ ကိုးခန်းပျို့တွင်–

...သက္ကသကြ၊ မာဂဓနှင့်၊ သက္ကတဘာသာ၊ ဝေါဟာအပြား၊ ဤနှစ်ပါးတွင်၊ အိအားအကွရာ၊ လွဲကာလည်းပြု၊ **မြန်မာမှု**ဖြင့်၊ ယခုလူတွင်၊ သိကြားထင်သည်...(စာ ၁၇၂)

စာဆိုဆရာတော်၏ဆိုလိုချက်မှာ – "မူလပါဠိ မဂဓောသာ၊ သက္ကတ ဘာသာ ဝေါဟာရကို အိကာရန် အားကာရန် ပေါင်းစပ်ပြီး (ပါဠိသဒ္ဒါ တွင် အသဝဏ်ပြုသည်ဟု နည်းစနစ်တစ်မျိုးရှိ၏။ ထိုသဘောမျိုး ဖြစ်သည်။) တို့မြန်မာတွေက "သိကြား" လို့ "**မြန်မာမှု** ပြုရေးတယ်" လို့ ဆိုလိုခြင်းဖြစ်ပေသည်။

ပုဂံ၊ ပင်းယ၊ အင်းဝခေတ်ကပင် သိကြားမင်းဟု မြန်မာမှုပြုခဲ့သော ပါဠိပျက် ...ပါဠိသက် ဝေါဟာရမျိုးသည် ၂၀ရာစုခေတ် (၁၉၆၈)ခုနှစ် ဝန်းကျင်အထိ မြန်မာမှုပြုသော (ပါဠိပျက်–ပါဠိသက်) ဝေါဟာရ စကားလုံးပေါင်းမှာ ၃၅၅၉–ပုဒ် ရှိလေသည် (ဦးထွန်းမြင့်ပါဠိသက် ဝေါဟာရ အဘိဓာန်၌။ အခြားသော ပါရှန်း၊ အိန္ဒိယ၊ တရုတ်၊ တိဘက်၊ ထိုင်း၊ အင်္ဂလိပ် စသည့်ဝေါဟာရကို **မြန်မာမှု** ပြုထားသည်များလည်း အများပင်ရှိပေသည်။

ဤသို့ပင်ဆရာတော်သည် မြန်မာစာပေနှင့်ဆက်စပ်၍ သံဝရပျို့ တွင်လည်း –

...ဤမှရွှေ့မွေ့၊ ကြွေလည်းဝဆွဲ၊ မကွဲငွေ့တူ၊ ဟူလင့်ကစား၊ နှစ်ပါးယှဉ်ထ၊ ဟရမလို့၊ ဝကိုချည်းသာ၊ ဇောရန္တ၊ မြန်မာ့အမှု (မြန်မာမှု) မှတ်တစ်ခုဖြင့်၊ စေ့ငုရှာဖွေ၊ ရတတ်စေလော့၊ ကြံနေသင်းသီး၊ သည်ကိုမိုး၍၊ အသီးဆန်းပြား၊ ချဘွယ်များလည်း၊ မရှားလေသေး၊ သပ်ကြောင်းပေးသည်။ ။နည်းရှေ့ဥပဒေသတည်း။ (ပိုဒ်ခရေ–၁၆၅)

အထက်စာပိုဒ်ပါအကြောင်းအရာမှာ "သင်ပုန်းကြီးသင်ရိုးနှင့် သတ်ပုံရေးထုံးကို ခွဲခြားသိဖို့နှင့် သံယုဂ်ဖြစ်သော ပင့်ရစ် ဟထိုး ဝဆွဲတို့ကို ပိုင်နိုင်စွာ ရေးတတ်ဖို့နှင့် ဤကဲ့သို့သော အကြောင်းအရာ များသည် အများအပြားပင်ရှိသေးသည်။ သပ်ကြောင်းနှပ်ကြောင်းမျှ သာ ပေးထားတာဖြစ်တယ်။ ဒီလိုစာပေအရေးအသား **မြန်မာမှု**တွေ အများကြီး ရှိသေးတယ်။ နည်းရယုံလောက်လုစ်ဟပြထားပါတယ်"ဟု ဆိုလိုရင်းဖြစ်ပေသည်။ (ထိုအကြောင်းအရာကို ရှင်မဟာရဋ္ဌသာရ၏ ၅၅၅–ပြည့်တွင် အခမ်းအနားတွင် စာရေးသူ စာတမ်းဖတ်ကြား ခဲ့ပါသည်)

ဤသည်မှာ စာပေအကြောင်းအရာထဲမှ သင်ပုန်းကြီးရေးထုံးကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော **မြန်မာမှု** တစ်စိတ်တစ်ဒေသ ဖြစ်ပါသည်။ ဤကဲ့သို့ပင် အနုပညာယဉ်ကျေးမှုဆိုင်ရာ **မြန်မာမှု** များသည်လည်း အများပင်ရှိပေသည်။

သတ္တလောကကြီးသည် အစဉ်အမြဲပြောင်းလဲနေသည်။ တိုးတက် သော ခေတ်ရှိသလို ဆုတ်ယုတ် ပျက်ပြားသွားသော ကာလများလည်း တိုင်းပြည်နိုင်ငံအလိုက် ရှိကြမြဲဖြစ်ပေသည်။

အချို့သော ရိုးရာဓလေ့များသည် ခေတ်လူ့အဖွဲ့အစည်း တိုးတက် ပြောင်းလဲလာသည်နှင့်အမျှ တိမ်မြုပ်ပျောက်ကွယ်သွားကြသည်။ ရှေးခေတ်ယောကျ်ားများမှာ ထိုးကွင်းမင်ကြောင်ထိုးကြသည့်ဓလေ့ ရှိပေသည်။ ထိုဓလေ့သည် ယောကျ်ားပီသခြင်း၊ ခံနိုင်ရည်ရှိခြင်း စသည့် အချက်အလက်များကိုအခြေခံ၍ တည်တံ့ခဲ့ခြင်းဖြစ်ပေသည်။ ယနေ့ မြန်မာလူငယ်များကို ထိုစံဖြင့် တိုင်းတာဆုံးဖြတ်၍ မရတော့ပေ။

ထို့အတူ မိန်းကလေးများအနေဖြင့်လည်း ဝါဖတ်ပိုင်းငင်၊ ရက်ကန်းစင်ဝင် စသည့် လုပ်ဆောင်ချက်များရှိမှ မိန်းကလေးအင်္ဂါများ ပြည့်စုံပြီဟု သတ်မှတ်သောခေတ် မဟုတ်တော့ပေ။

မြန်မာမှုဆိုသော်လည်း ယနေ့ခေတ် ဒေါင်းလန်းနှင့် စားနေကြ၍ မဖြစ်တော့ပေ။ ထမင်းစားပြီးပြီလား၊ ဘာဟင်းနှင့်စားသလဲ၊ စားပါဦး လား စသည့်ချစ်စရာ ရပ်ဓလေ့ ရွာဓလေ့များကို ပြည်ပနိုင်ငံကြီးများ တွင် သုံး၍မဖြစ်နိုင်ပေ။

သို့သော် အချို့သော ရိုးရာဓလေ့ပွဲသဘင်နှင့် အစဉ်အလာကိစ္စရပ် များသည် ယဉ်ကျေးမှုအနေနှင့် ရှိနေကြရမည့် **မြန်မာမှုများ** ဖြစ်ပေ သည်။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ဗလငါးတန် (ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ ဘောဂဗလ၊ မိတ္တဗလ)နှင့် ဆက်စပ်သော စာပေအနုပညာယဉ်ကျေးမှု(စာနယ်ဉ်) **မြန်မာမှု** တို့သည် ပူးတွဲ၍ နိဒါန်းသစ်ဖွင့်နိုင်ပါစေသတည်း။

သမ္မတရွေးချယ် တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမနေ့ကျင်းပ

နေပြည်တော် မတ် ၃၀

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမနေ့ ကျင်းပစဉ်။

ယနေ့အစည်းအဝေးတွင် ဒုတိယသမ္မတလောင်းများ အဆိုပြုခြင်း၊ ထောက်ခံခြင်းနှင့် အဆိုပြုလွှာကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီထံ တင်ပြခြင်း၊ ဒုတိယသမ္မတလောင်းများ အမည်စာရင်းကို ကြေညာခြင်း၊ နိုင်ငံတော်သမ္မတအတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံခြင်း ရှိ မရှိ စိစစ်နိုင်ရန် စိစစ်ရေးအဖွဲ့တွင် ပါဝင်မည့် ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ရွေးချယ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၆၃ ဦး ရှိသည့် အနက် ယနေ့အစည်းအဝေးသို့ ၂၆၁ ဦး တက်ရောက်ပြီး တက်ရောက်မှု ရာခိုင်နှုန်း ၉၉ ဒသမ ၂၄ ရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ အတည်ပြုမှတ်တမ်းတင်သည်။

ယင်းနောက် ဒုတိယသမ္မတလောင်း အမည်စာရင်းကို အဆိုပြုတင်ပြကြရာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို ဒုတိယသမ္မတလောင်းအဖြစ် ထားဝယ် မဲနှုန်းယမ့ ဒေါက်တာ ကျော်ကျော်ဌေးက အဆိုတင်သွင်းရာ ပင်လောင်းမဲဆန္ဒနယ်မှ နန်းရီရီဝင်းက ထောက်ခံကြောင်း လွှတ်တော်သို့ တင်ပြသည်။

အလားတူ တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေကို ဒုတိယသမ္မတလောင်းအဖြစ် ကြိုဆင်းမဲဆန္ဒနယ်မှ ဦးနိုင်မင်းဦးက အဆိုတင်သွင်းရာ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးမိုးတင်က ထောက်ခံကြောင်း လွှတ်တော်သို့ တင်ပြသည်။

ဆက်လက်၍ ဒုတိယသမ္မတလောင်းများ၏ အဆိုပြုလွှာပုံစံ(၁)ကို အချက်အလက်ပြည့်စုံစွာ ဖြည့်သွင်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြကြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယသမ္မတလောင်းများ အမည်စာရင်းကို အကျဉ်းချုပ်

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမနေ့သို့ တက်ရောက်လာစဉ်။

အလိုက် ကြေညာရာ (၁) ဒေါက်တာကျော်ဆွေ တောင်တွင်းကြီးမဲဆန္ဒနယ်နှင့် (၂) ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့ ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတ အရည်အချင်းနှင့် ပြည့်စုံမှု ရှိ မရှိ စိစစ်နိုင်ရန် စိစစ်ရေးအဖွဲ့တွင် ပါဝင်မည့် ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ရွေးချယ်ကြရာ လှည်းကူးမဲဆန္ဒနယ်မှ ဦးခင်မောင်စိုးကို မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်းက အဆိုတင်သွင်းပြီး ညောင်လေးပင်မဲဆန္ဒနယ်မှ ဒေါက်တာသန့်ဇော်လွင်က ထောက်ခံတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတ အရည်အချင်းနှင့် ပြည့်စုံမှု ရှိ မရှိ စိစစ်ရေးအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် တစ်ဦးတည်းကိုသာ လွှတ်တော်က အဆိုပြုတင်သွင်းသည့် အတွက် လှည်းကူးမဲဆန္ဒနယ်မှ ဦးခင်မောင်စိုးကို စိစစ်ရေးအဖွဲ့ဝင်အဖြစ် ရွေးချယ်ကြောင်း အတည်ပြုကြေညာသည်။

အဆိုပါ ဒုတိယသမ္မတလောင်း အဆိုပြုလွှာများကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က စိစစ်နိုင်ရန်နှင့် ဒုတိယသမ္မတလောင်းများ အမည်စာရင်း ပြုစုနိုင်ရန် အစုအဖွဲ့အစည်းအဝေး ပထမနေ့ကို ရပ်နားလိုက်ပြီး အစုအဖွဲ့အစည်းအဝေး ဒုတိယနေ့ကို မတ် ၃၁ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

မွေးမြူရေးတိရစ္ဆာန်များ အပူရှိန်ပြင်းထန်လွန်းကဲ့သို့မှ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူရှိန်ပြင်းထန်လွန်းကဲ့သို့နှင့် အပူဒဏ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်များကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ ထားရှိရန်နှင့် အပူချိန်ပြင်းထန်မှု နည်းပါးသော နံနက်နှင့် ညနေမှသာ လွှတ်ကျောင်းခြင်းပြုရန်၊

(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွှင့်ဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်ထားရန်၊

(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေခဲတိုင်သော အစားအစာများကို ဖြည့်စွက်ကျွေးမွေးရန်၊

(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှ ကာကွယ်နိုင်သော နေရာများ စီစဉ်ထားရှိရန်၊

(၅) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စိ၊ မြက်နှမ်များ စနစ်တကျ ကြိုတင်စုဆောင်းထားရန်၊

(၆) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားကျရောက်စေခြင်းမရှိစေရန်အတွက် ကာကွယ်ဆေးများပုံမှန်ထိုးနှံထားရန်၊

(၇) တိရစ္ဆာန်မွေးမြူထားရှိသော ခြံနှင့် အစာသိုလှောင်ထားသောနေရာများတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးချှိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများ ထားရှိရန်၊

(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမနေ့ကျင်းပ

နေပြည်တော် မတ် ၃၀

သမ္မတရွေးချယ် တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဇေးက သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၁၅၇ ဦး စလုံး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းပြည့်ဖြစ်သဖြင့် ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက် ရယူ၍ မှတ်တမ်းတင်သည်။

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေး ပထမနေ့ ကျင်းပစဉ်။

ဦးစွာ ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက ဒုတိယသမ္မတလောင်း အဆိုပြုခြင်း၊ ထောက်ခံခြင်းနှင့် အဆိုပြုလွှာပုံစံကို အခမ်းအနားမှုံးမှတစ်ဆင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့က ဒုတိယသမ္မတလောင်း အမည်စာရင်း အဆိုပြုလွှာပုံစံ(၁)ကို တင်သွင်းကြရာ ကရင်ပြည်နယ် လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းနီနီအေးကို ပဲခူးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ် အမှတ်(၂) မှ ဦးလှသိန်းက အဆိုတင်သွင်းပြီး ကယားပြည်နယ်(မဲအများဆုံးရသူ အနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ်(၁) မှ ဦးရှားရယ်က ထောက်ခံတင်သွင်းသည်။

ဆက်လက်၍ ကချင်ပြည်နယ် အမျိုးသားလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၂)မှ ဒေါက်တာ မနာမ်တူးဂျာကို တနင်္သာရီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသန်းအေး (ခ)ဦးတင်ဦးက အဆိုတင်သွင်းပြီး မကွေးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစောသွင်နှင့် မွန်ပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ် အမှတ်(၁)မှ ဦးရဲထွဋ်အောင်တို့က ထောက်ခံတင်သွင်းကြသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ဒုတိယသမ္မတလောင်းများအဖြစ် ကရင်ပြည်နယ်လွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁) မှ ဒေါ်နန်းနီနီအေးနှင့် ကချင်ပြည်နယ် အမျိုးသားလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၂) မှ ဒေါက်တာ မနာမ်တူးဂျာတို့ကို အမည်စာရင်းတင်သွင်းကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတအရည်အချင်းနှင့် ပြည့်စုံမှု ရှိ မရှိ စိစစ်နိုင်ရန် စိစစ်ရေးအဖွဲ့ကို ပြည်ထောင်စုလွှတ်တော်တွင် ပါဝင်သော လွှတ်တော်နှစ်ရပ်၏ ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများ၊ ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ်ပေးသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦး၊ ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့က ရွေးချယ်ပေးသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ်ပေးသော တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် တစ်ဦးတို့ဖြင့် ဖွဲ့စည်းရမည် ဖြစ်သောကြောင့် ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့က စိစစ်ရေးအဖွဲ့ဝင်တစ်ဦးကို ရွေးချယ်ပေးရန် အတွက် အဆိုပြုလွှာပုံစံများကို အခမ်းအနားမှုံးထံမှ ထုတ်ယူပြီး အဆိုပြုကြရန် ကြေညာသည်။

ဆက်လက်၍ ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့က နိုင်ငံတော်သမ္မတအတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံခြင်း ရှိ မရှိ စိစစ်နိုင်ရန် စိစစ်ရေးအဖွဲ့တွင် ပါဝင်မည့် ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား အဆိုပြုခြင်း၊ ထောက်ခံခြင်းနှင့် အဆိုပြုလွှာပုံစံကို အခမ်းအနားမှုံးမှတစ်ဆင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပဲခူးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှသိန်းကို ဧရာဝတီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ် အမှတ်(၁) မှ ဦးအောင်တင်မြင့်က အမည်စာရင်းတင်သွင်းပြီး ပဲခူးတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ်(၄)မှ ဦးရဲမြင့်ထွန်းက ထောက်ခံတင်သွင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမည်တင်သွင်းခံရသူတစ်ဦးတည်းသာရှိသဖြင့် ပဲခူးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှသိန်းကို နိုင်ငံတော်သမ္မတ အရည်အချင်းနှင့် ပြည့်စုံမှု ရှိ မရှိ စိစစ်နိုင်ရန် စိစစ်ရေးအဖွဲ့ဝင်အဖြစ် ရွေးချယ်ကြောင်း ကြေညာသည်။

ယင်းနောက်ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေး ပထမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ဒုတိယနေ့ကို မတ် ၃၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေး ပထမနေ့တွင် တက်ရောက်ကြောင်း လက်မှတ်ရေးထိုးစဉ်။

နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်

နေပြည်တော် မတ် ၃၀

ဧပြီ ၁ ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

မတ် ၃၁ ရက်တွင် နေပြည်တော်နှင့်အနီးတစ်ဝိုက်၌ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၌ အများအားဖြင့် သာယာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်၌ တိမ်အနည်းငယ် ဖြစ်ထွန်းမည်။ မိုး/ဧလ

ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်အသစ် ခန့်အပ်လွှာ လာရောက်ပေးအပ်

နေပြည်တော် မတ် ၃၀

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေအား ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်အသစ် Mr. Barnaby Jones သည် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနခွဲ၌ လာရောက်ဂါရဝပြုတွေ့ဆုံပြီး ၎င်း၏ ခန့်အပ်လွှာကို ပေးအပ်သည်။

ခန့်အပ်လွှာပေးအပ်သည့် အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။ သတင်းစဉ်

ခန့်အပ်လွှာပေးအပ်

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်အသစ် Mr. Barnaby Jones က ၎င်း၏ ခန့်အပ်လွှာကို ပေးအပ်စဉ်။

ကယားပြည်နယ် လွိုင်ကော်မြို့၌ နွေရာသီသင်တန်းများဆင်း၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

လွိုင်ကော် မတ် ၃၀

ကယားပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော အခြေခံပညာ ကျောင်းသား ကျောင်းသူများအတွက် နွေရာသီပညဉ်ကျေးလိမ္မာ၊ အင်္ဂလိပ်စာ၊ ပန်းချီသင်တန်းများဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦး၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ယဉ်ကျေးလိမ္မာသင်တန်းမှ ကျောင်းသား ကျောင်းသူများက “မင်္ဂလာရှိသော နေ့သစ်ဆီသို့” သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ချီးမြှင့်ငွေများ ပေးအပ်

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ယခုနှစ် နွေရာသီကျောင်းပိတ်ရက်ကာလတွင် မျိုးဆက်သစ် လူငယ်မောင်မယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးလိမ္မာသင်တန်း၊ အင်္ဂလိပ်စာသင်တန်း၊ ပန်းချီသင်တန်း၊ ကွန်ပျူတာသင်တန်းနှင့် ဂီတာတီးသင်တန်းများအပြင် အားကစားနည်း (၁၆) နည်းတို့ကိုလည်း ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့ကြောင်း၊ သင်တန်းကာလပြီးဆုံးသွားသော်လည်း မိမိတို့၀ါသနာပါရာ အတတ်ပညာများကို ဆက်လက်လေ့လာသင်ယူပြီး မိမိအကျိုး၊ ပြည်နယ်အကျိုးနှင့် နိုင်ငံ့အကျိုးကို ထမ်းဆောင်နိုင်သူများဖြစ်သည်အထိ

ကြိုးစားသင်ယူကြရန် တိုက်တွန်းပြောကြားပြီး သင်တန်းနှုန်းပြမှုနှင့် အကြီးတန်းအဆင့် ယဉ်ကျေးလိမ္မာရေးဖြေသင်တန်း၊ အထက်တန်းအဆင့် အင်္ဂလိပ်စာသင်တန်း၊ အလယ်တန်းအောက်ဆင့် အင်္ဂလိပ်စာသင်တန်းနှင့် အကြီးတန်းအဆင့် ပန်းချီသင်တန်းတို့တွင် ပထမဆုရရှိသူများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဆုရကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး ပြည်နယ်ပညာရေးမှူးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ဆက်လက်၍ အင်္ဂလိပ်စာသင်တန်းမှကျောင်းသား ကျောင်းသူများက “We are the world” သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးက ဖျော်ဖြေရေးအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ နှုတ်ဆက်စကားပြောကြားသည်။

ယမန်နေ့ မွန်းလွဲပိုင်းကလည်း ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ လွိုင်ကော်မြို့သာသနာ့ဓမ္မာန်တော်ကြီး၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပသော ပါဠိပထမပြန့် စာမေးပွဲဖြေဆိုနေမှုကို ဖူးမြော်ကြည်ညိုကာ စာမေးပွဲကြီးကြပ်ဆရာတော်များထံ အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ လွိုင်ကော်မြို့ ကန္ဒရုဝတီ ဂေါက်ကွင်း၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် (၈၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲသို့ တက်ရောက်ကြသည်။

ဦးစွာ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်လူမှုရေးရာဝန်ကြီး၊ ပြည်နယ်အတွင်းရေးမှူးနှင့် ကန္ဒရုဝတီ ဂေါက်ကလပ် နာယကတို့က ပြိုင်ပွဲကို Smoke ball ရိုက်ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲကိုကျင်းပရာ ကစားသမား ၈၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက် ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အကြီးတန်း ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရှိသူများကို လည်းကောင်း၊ ဒေသကွပ်ကဲရေးမှူးနှင့် တာဝန်ရှိသူများက ဆုရရှိသည့် ဂေါက်သီးရိုက်အားကစားသမားများကိုလည်းကောင်း ဆုတံဆိပ်နှင့် ဆုပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ယဉ်ကျေးလိမ္မာသင်တန်း၊ အခြေခံအင်္ဂလိပ်သဒ္ဒါနှင့် စကားပြောသင်တန်း၊ ကွန်ပျူတာအခြေခံသင်တန်းများဖွင့်

နေပြည်တော် မတ် ၃၀

ကျောင်းသား ကျောင်းသူများအနေဖြင့် နွေရာသီကျောင်းပိတ်ရက်တွင် အချိန်ကို စနစ်တကျအသုံးချပြီး မိမိတို့အတွက် အကျိုးရှိစေမည့် ယဉ်ကျေးလိမ္မာမှုများကို လေ့လာသင်ယူနိုင်ရန်၊ မင်္ဂလာသုတတော်အပါအဝင် အခြားသိသင့်သိထိုက်သည့် ဘာသာရေးဗဟုသုတများအား စိတ်နှလုံးတွင် ကိန်းအောင်းနေစေရန်၊ ယဉ်ကျေးလိမ္မာသည့် သားကောင်း၊ သမီးကောင်းများ အဖြစ်သာမက မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံအတွက် အကျိုးပြုနိုင်သည့် ပညာထူးချွန်သူများဖြစ်လာစေရန်၊ လက်တွေ့အသုံးချဘာသာရပ်များနှင့်အတူ ဗဟုသုတရစေပြီး အသိပညာ၊ အတတ်ပညာတိုးပွားစေရန် ရည်ရွယ်၍ ယဉ်ကျေးလိမ္မာသင်တန်း၊ အခြေခံအင်္ဂလိပ်သဒ္ဒါနှင့် စကားပြောသင်တန်း၊ ကွန်ပျူတာအခြေခံသင်တန်းဖွင့်ပွဲများကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ရန်အောင်မြင့်ခန်းမ၌ ကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဌေးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်မိသားစုများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းအလိုက် အထောက်အကူပြုပစ္စည်းများ ပေးအပ်ပြီး (ယာဝုံ) သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အလားတူ တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးရှိ တပ်ရင်း၊ တပ်ဖွဲ့များ၌လည်း အဆိုပါသင်တန်းများကိုဖွင့်လှစ်ပြီး တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် သင်တန်းများတွင် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၈၆၃၉ ဦးဖြင့် သင်တန်းကာလ ရက်သတ္တပ္ပနှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

မိုဘိုင်းဟန်းဆက်ဝယ်လျှင် အတုအပ သတိပြု

သင်းသဒ္ဓါထက်

"CEIR စနစ်သည် အများပြည်သူအတွက် ဝန်ဆောင်မှုအသွင်ဖြင့် နိုင်ငံသူနိုင်ငံသားများအား အရည်အသွေးမီသော မိုဘိုင်းဟန်းဆက်များကို အသုံးပြုနိုင်ခြင်း၊ မိုဘိုင်းဟန်းဆက်အတုအပ အသုံးပြုမှုများ တဖြည်းဖြည်း (နောင်သုံးနှစ်အတွင်း) ပပျောက်စေခြင်းနှင့် ဆက်သွယ်ရေးနည်းပညာအသုံးပြု လိမ်လည်ခြင်း လျော့ပါးစေရန် သက်ဆိုင်ရာဌာနများမှ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ပြည်သူ အကျိုးကို ရှေးရှုသော ပြည်သူ့ဝန်ဆောင်မှုအဖြစ် ပေါ်ထွန်းလာခြင်းဖြစ်"

နိုင်ငံတော်နှင့် အစိုးရဌာနများအနေဖြင့် ပြည်သူများအတွက် မိုဘိုင်းလက်ကိုင်ဖုန်း/ မိုဘိုင်းဟန်းဆက်များ၏ IMEI များကို CEIR စနစ်တွင် ကြိုတင်မှတ်ပုံတင်နိုင်ရေးကာလတစ်ခု သတ်မှတ်ခွင့်ပြုထားပါသည်။

ကြိုတင်မှတ်ပုံတင်ခြင်းကိစ္စများမတိုင်မီ နိုင်ငံပိုင်သတင်းစာများတွင် ဆောင်းပါးများဖော်ပြခြင်း၊ မြန်မာ့အသံ၏ လူမှုစီးပွားအစီအစဉ်များမှ အသံလွှင့်ခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြည်တွင်းအခွန်များဦးစီးဌာန၊ အခွန်ဦးစီးမှူးများက အသိပညာပေးဟောပြောပွဲများ ကျင်းပခြင်း၊ ဆိုရှယ်မီဒီယာပေါ်တွင် IMEI များကို CEIR တွင် မည်ကဲ့သို့ မှတ်ပုံတင်နိုင်သည်ကို အသိပညာပေးခြင်း၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ Call Center နံပါတ်များဖြစ်သော ၁၅၇၇ နှင့် ၁၇၅၅ သို့ စိတ်ဝင်တစားမေးမြန်းခြင်းများ ဆောင်ရွက်ကြကြောင်း သိရှိရသဖြင့် နိုင်ငံသားများ စိတ်ဝင်စားမှုမြင့်မားသောစနစ်တစ်ခုဖြစ်ကြောင်း တွေ့မြင်ရပါသည်။

ကြိုတင်မှတ်ပုံတင်နိုင်ရေးကာလသည် ၂၀၂၆ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ကုန်ဆုံးမည်ဖြစ်ရာ အများလက်ဝယ်ရှိ မိုဘိုင်းဟန်းဆက်များအတွက် စိုးရိမ်ကြောင့်ကြမည်မလွဲ ဖြစ်ပါသည်။

ပါကစ္စတန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ နိုင်ဂျာ၊ ကင်ညာနှင့် တောင်အာဖရိကနိုင်ငံတို့တွင် မိုဘိုင်းလက်ကိုင်ဖုန်းအတုကိစ္စ၊ နည်းပညာအခက်အခဲ၊ အော်ပရေတာ ကြီးကြပ်သည့်ဌာနများမှ ပူးပေါင်းပါဝင်မှုနည်းခြင်း၊ အခွန်ပေးဆောင်ရန်နှင့် စနစ်ပိုင်းအခက်အခဲများကြောင့် စတင်ချိန် အဆင်မပြေမှုများရှိခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

CEIR စနစ်က မိုဘိုင်းဟန်းဆက်အတုကို စစ်ဆေးနိုင်သလား

၂၀၂၆ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ မိုဘိုင်းလက်ကိုင်ဖုန်းများဖြင့် မိုဘိုင်းအော်ပရေတာများဖြစ်သော MPT၊ Atom၊ U9 နှင့် MyTel ဆင်းကတ်များဖြင့်အသုံးပြုပါက စနစ်မှမှတ်ပုံတင်ထားခြင်း ရှိ မရှိ စစ်ဆေးခြင်းကို စတင်ဆောင်ရွက်မည် ဖြစ်ပါသည်။ ပြည်သူများအနေဖြင့် မိုဘိုင်းလက်ကိုင်ဖုန်း ဟန်းဆက်အသစ် ဝယ်ယူရာတွင် ဖြစ်စေ၊ အသုံးပြုပြီး မိုဘိုင်းလက်ကိုင်ဖုန်း (ဟန်းဆက်အဟောင်း) ဝယ်ယူချိန်တွင်ဖြစ်စေ စံချိန်မမီသော မိုဘိုင်းလက်ကိုင်ဖုန်း (Fake / Clone Handset) ဖြစ်လျှင် စနစ်၏ ရည်ရွယ်ချက်အတိုင်း အသုံးပြု၍မရစေရန် စနစ်မှပိတ်သိမ်းသွားမည် ဖြစ်ပါသည်။

သို့ဖြစ်ရာ စနစ်မှစံချိန်မမီသော မိုဘိုင်းလက်ကိုင်ဖုန်း (Fake / Clone Handset)ကို မည်ကဲ့သို့သတ်မှတ်ကြောင်း အများပြည်သူသိရှိစေရန် စုစည်းတင်ပြသွားပါမည်။ CEIR တွင် မှတ်ပုံတင်ခြင်းအတွက် နိုင်ငံပိုင်သတင်းစာတွင် ဆောင်းပါးများ ဖော်ပြခြင်းနှင့် မြန်မာ့အသံလူမှုစီးပွားအစီအစဉ်များမှ အသံလွှင့်ချက်အရ IMEI နံပါတ်များ သတ်မှတ်ခြင်း၏ ရည်ရွယ်ချက်မှာ စံချိန်စံညွှန်းနှင့်ကိုက်ညီသော မိုဘိုင်းဟန်းဆက်များနှင့် သက်ဆိုင်သည့် အချက်အလက်များကို မိုဘိုင်းဟန်းဆက်ကုမ္ပဏီ/ ထုတ်လုပ်သူ (Maker)၊ အမှတ်တံဆိပ် (Brand)၊ မော်ဒယ် (Model)၊ ထုတ်လုပ်သည့်နိုင်ငံ စသည့်အချက်များကို သိရှိနိုင်ရန် ခွဲခြားသတ်မှတ်ထားခြင်းဖြစ်ကြောင်း၊ IMEI နံပါတ်သည် မိုဘိုင်းလက်ကိုင်ဖုန်း ထုတ်လုပ်သည့် အချိန်ကတည်းက ဖုန်း၏ Firmware မှာ ရေးသားထည့်သွင်းထားသော အချက်အလက်များဖြစ်ပြီး ဖုန်းပိုင်ရှင်၏ အမည်၊ လိပ်စာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် SIM ကတ်/ ဖုန်းနံပါတ် အစရှိသော အသုံးပြုသူနှင့်သက်ဆိုင်သော အချက်အလက်များ ပါဝင်ခြင်းမရှိပါဟု ဖော်ပြထားသည့် အတွက် IMEI တွေကို မူရင်းကုမ္ပဏီ/ထုတ်လုပ်သူများက GSM Association–GSMA တွင် စာရင်းထားရှိပြီးဖြစ်သည်ကို ဦးစွာသိရှိရန်လိုအပ်ပါသည်။

IMEI စနစ်တည်ဆောက်သည့် နိုင်ငံတိုင်းက ဖုန်းအတု (မူရင်းထုတ်လုပ်သူက ထုတ်လုပ်ခြင်းမဟုတ်သော်ဖုန်း)များကို နောက်ဆုံးထုတ်ပြန်ထားသည့်စာရင်းနှင့် တိုက်ဆိုင်စစ်ဆေးပြီး ခွဲခြားနိုင်သည်ဟု ဆိုနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ ထုတ်ပြန်ချက်အရ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ မိုဘိုင်းလက်ကိုင်ဖုန်း (Handset) အသစ်ဝယ်ယူချိန်တွင်ဖြစ်စေ၊ အသုံးပြုပြီးသား မိုဘိုင်းလက်ကိုင်ဖုန်း (Second-hand Handset) ဝယ်ယူချိန်တွင်ဖြစ်စေ၊ ဝယ်ယူမည့် မိုဘိုင်းလက်ကိုင်ဖုန်း (Handset) သည် IMEI မှန်ကန်မှု ရှိ မရှိ (စံချိန်မမီသော မိုဘိုင်းလက်ကိုင်ဖုန်းများ (Fake / Clone Handset) ဟုတ် မဟုတ် စစ်ဆေးရန်လိုအပ်သည်ဟု ဖော်ပြထားချက်က မူရင်းထုတ်လုပ်သူ ထုတ်လုပ်ခြင်း ဟုတ် မဟုတ် စနစ်က စစ်ဆေးသွားမည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

ဘာကြောင့် စံချိန်မမီသော မိုဘိုင်းလက်ကိုင်ဖုန်း (Fake/ Clone Handset)ဖြစ်ရသလဲ

နိုင်ငံအချို့၌ ဖုန်းဟောင်းအပျက်များထဲမှ အစိတ်အပိုင်းများကို ယူပြီးအသစ်ပြန်လုပ်သည့် အိမ်တွင်းမှုလုပ်ငန်းများ ရှိတတ်ပါသည်။

တချို့ဆိုလျှင် မူရင်းမိုဘိုင်းဖုန်းအခွံကို အတွင်းဆားကစ်ဘုတ်များထည့်ပြီး ဖုန်းအသစ်ကဲ့သို့ ပြန်ရောင်းခြင်း၊ ဆားကစ်ဘုတ်များကို ဝယ်ယူပြီး ဒီဇိုင်းအသစ်ဖြင့် နာမည်အသစ်တပ် ဈေးကွက်အတွင်း ဖြန့်ချိရောင်းချခြင်း စသည်ဖြင့် အများကြီး ရှိခဲ့ပါသည်။ တရားဝင်တင်သွင်းသော အရည်အသွေးရှိဖုန်းများက ဈေးယှဉ်ရောင်းရန် ခက်ခဲသဖြင့် အခွန်ဆောင်ပြီး တရားဝင်လမ်းကြောင်းမှ ဝင်ရောက်မှုနည်းလာကြောင်း သိရှိရပါသည်။ ယင်းဖုန်းများကို CEIR စနစ်တွင် အတုအဖြစ် ဖော်ပြနိုင်ပါသည်။

ဒုတိယနည်းလမ်းအနေဖြင့် ဖုန်းပြင်သူများက ဖုန်း၏ Firmware ဟု ခေါ်သည့် ကိုယ်တိုင်ထုတ်လုပ်ခြင်းလည်း မဟုတ်၊ အာမခံချက်လည်းမရှိသည့် ဆော့ဝဲကို ဖုန်းပြင်ရင်း အလွယ်တကူရေးပေးလိုက်လေ့ရှိပါသည်။ ယင်းမှာ မူရင်းစက်ရုံမှ ထုတ်သည့် Firmware တွင်ပါသော IMEI ကို ပြင်ဆင်လိုက်ခြင်း ဖြစ်၍ စာရင်းစစ်လျှင် CEIR စနစ်၌ အတုအဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ ထို့အပြင် CEIR စနစ်အတွက် အခွန်ကင်းလွတ်ကာလရက် ၃၀ အတွင်း အချို့ IMEI ကိုစနစ်နှင့် မိုဘိုင်းဖုန်းတစ်လုံးချင်းစီ ထည့်စစ်ခြင်းထက်မိုဘိုင်းဖုန်းဘူးခွံပါ IMEI ကို အိုင်တီနည်းပညာဖြင့် ကျော်လွှားသည်ကို တွေ့ရှိရပါသည်။ ဖုန်းဆင်းကတ်တစ်ခုတည်းဖြင့် IMEI အများဆုံး နှစ်သောင်းကျော်အထိ မှတ်ပုံတင်မှုရှိသည်ဟု သိရှိရပါသည်။ ဆောင်းပါးများတွင် ဖော်ပြထားသကဲ့သို့ IMEI ဆိုသည်မှာ မိုဘိုင်းဖုန်း၏ သီးခြားသတ်မှတ်သည့် ကုတ်နံပါတ်ဖြစ်ပြီး မသမာသူများ လက်ထဲရောက်ရှိစေခြင်းနှင့် ရောက်ရှိနေခြင်းက အွန်လိုင်းလိမ်လည်သူများထံတစ်ဆင့် ရောင်းချခြင်း ရှိ မရှိ မသိနိုင်ပါ။ မိုဘိုင်းအော်ပရေတာကွန်ရက်ထဲတွင် IMEI နံပါတ်တူများ ရှိလာနိုင်ပြီး အသုံးပြုသည့်အချိန် ဖုန်းတွင် အဆင်မပြေမှုများရှိခဲ့ကြောင်း ပါကစ္စတန်နိုင်ငံအတွေ့အကြုံအရ သိရှိနိုင်ပါသည်။

အရင်ကတည်းကသုံးနေသည့်အတုများကို ဆက်သုံးနိုင်မလား

အတုကို နောက်ဝယ်မိရင်သုံးနိုင်မလား

၂၀၂၆ ခုနှစ် ဧပြီလ ၁ ရက်နေ့မတိုင်မီ ဖုန်းအတု (မူရင်းထုတ်လုပ်သူက ထုတ်လုပ်ခြင်းမဟုတ်သော ဖုန်း)များရှိသော်လည်း ခြွင်းချက်ပြုကာလအတွင်း ဖြစ်၍ ဆက်လက်အသုံးပြုနိုင်ပါသည်။ ၂၀၂၆ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ ကာလအတွင်း CEIR စနစ် ရှိခွင့်ပြုစာရင်း (Whitelist)တွင် အလိုအလျောက် ထည့်သွင်းနေစဉ် တွေ့ရှိရသည့် စံချိန်မမီသော မိုဘိုင်းလက်ကိုင်ဖုန်း(Fake/Clone Handset) များကို ပြည်သူများ နစ်နာမှုမရှိစေရန်အတွက် ခြွင်းချက်အနေဖြင့် အသုံးပြုလျက်ရှိသည့် SIM Card Code No.(IMSI) နှင့် ယှဉ်တွဲ၍CEIR စနစ်တွင် သိမ်းဆည်းပြီး သုံးနှစ်ဆက်လက် အသုံးပြုခွင့်ပေးသွားမည်ဟု ဖော်ပြထားပါသည်။

တစ်ဆက်တည်း ၂၀၂၆ ခုနှစ် ဧပြီ ၁ ရက်နေ့မှစ၍ စံချိန်မမီသော မိုဘိုင်းလက်ကိုင်ဖုန်း (Fake / Clone Handset) များကို CEIR စနစ်တွင် အမည်စာရင်း(Blacklist)ထည့်သွင်းပြီး မိုဘိုင်းဆက်သွယ်ရေးကွန်ရက်တွင် အသုံးပြုခွင့်အား တားဆီးပိတ်ပင်သွားမည်ဖြစ်ပါသည်ဟု ဆက်လက်ဖော်ပြခြင်းက အချို့နိုင်ငံများတွင် မိုဘိုင်းလက်ကိုင်ဖုန်းအတုကြောင့် စနစ်နှောင့်နှေးခြင်းမဖြစ်ရန် ကာကွယ်ထားခြင်းဖြစ်ကြောင်း သိရှိနိုင်ပါသည်။ ဟန်းဆက်အတုလက်ဝယ်ရှိသူက အတုဖြစ်ကြောင်း သိသည့်အချိန် အခြားတစ်ဦးကို ရောင်းချခြင်းမှ ကာကွယ်နိုင်ရန် အခြားနိုင်ငံများတွင် ဆောင်ရွက်သကဲ့သို့ မှတ်ပုံတင်ထားသည့် ဆင်းကတ်မှလွဲ၍ အခြားဆင်းကတ်ဖြင့် အသုံးပြုနိုင်ခြင်းမရှိအောင် ကြိုတင်တားမြစ်ထားသည်ဟု သိရပါသည်။ သို့ဖြစ်ရာ အခွန်ပေးဆောင်ထားပြီး CEIR စနစ်တွင် ခွင့်ပြုစာရင်းဝင်သည့် မိုဘိုင်းလက်ကိုင်ဖုန်း(Handset) ဟုတ်/မဟုတ်နှင့် ဆက်သွယ်မှုရပ်ဆိုင်းထားသော (Block ပြုလုပ်ထားသော) မိုဘိုင်းလက်ကိုင်ဖုန်း(Handset) ဟုတ်/မဟုတ်စစ်ဆေးရန် လိုအပ်မည်ဖြစ်ပါသည်။

ယခုသတ်မှတ်ချက်ကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ

၂၀၂၆ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ စံချိန်စံညွှန်းနှင့် ကိုက်ညီသော ဖုန်းများအတွက် (နိုင်ငံအတွင်းသို့ လာရောက်သူများအပါအဝင်) မိုဘိုင်းလက်ကိုင်ဖုန်းတွင် မိုဘိုင်းအော်ပရေတာများဖြစ်သော MPT၊ Atom၊ U9 နှင့် MyTel ဆင်းကတ်ထည့်လိုက်သည့် အချိန်တွင် စနစ်မှ ကြိုတင်မှတ်ပုံတင်ထားခြင်း မရှိကြောင်းသိရှိပြီး အခွန်ပေးဆောင်ခြင်းမပြုမီ ယာယီသုံးစွဲခွင့်ကာလ(Grace Period) အနေဖြင့် စတင်ချိတ်ဆက်အသုံးပြုချိန်မှ ရက်ပေါင်း ၃၀ အသုံးပြုခွင့်ပေးသွားမည်ဖြစ်ပြီး အခွန်ပေးဆောင်ရမည်ဖြစ်ကြောင်း သက်ဆိုင်ရာဖုန်းနံပါတ်သို့ SMS ပေးပို့အသိပေးအကြောင်းကြားမည်ဖြစ်ပါသည်ဟု ဖော်ပြထားသည့်အတွက် နိုင်ငံအတွင်း ဖုန်းအတုတွေ ဝင်ရောက်ခြင်းမှ ကာကွယ်ထားပါသည်။

အချုပ်အားဖြင့် CEIR စနစ်သည် အများပြည်သူအတွက် ဝန်ဆောင်မှုအသွင်ဖြင့် နိုင်ငံသူ နိုင်ငံသားများအား အရည်အသွေးမီသော မိုဘိုင်းဟန်းဆက်များကိုအသုံးပြုနိုင်ခြင်း၊ မိုဘိုင်းဟန်းဆက်အတုအပ အသုံးပြုမှုများ တဖြည်းဖြည်း (နောင်သုံးနှစ်အတွင်း)ပပျောက်စေခြင်းနှင့် ဆက်သွယ်ရေးနည်းပညာအသုံးပြု လိမ်လည်ခြင်းလျော့ပါးစေရန် သက်ဆိုင်ရာဌာနများမှ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ပြည်သူအကျိုးကို ရှေးရှုသော ပြည်သူ့ဝန်ဆောင်မှုအဖြစ် ပေါ်ထွန်းလာခြင်းဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

"၂၀၂၆ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ မိုဘိုင်းလက်ကိုင်ဖုန်းများဖြင့် မိုဘိုင်းအော်ပရေတာများဖြစ်သော MPT၊ Atom၊ U9 နှင့် MyTel ဆင်းကတ်များဖြင့်အသုံးပြုပါက စနစ်မှမှတ်ပုံတင်ထားခြင်း ရှိ မရှိ စစ်ဆေးခြင်းကို စတင်ဆောင်ရွက်မည်ဖြစ်ပါသည်။ ပြည်သူများအနေဖြင့် မိုဘိုင်းလက်ကိုင်ဖုန်း ဟန်းဆက်အသစ် ဝယ်ယူရာတွင်ဖြစ်စေ၊ အသုံးပြုပြီး မိုဘိုင်းလက်ကိုင်ဖုန်း (ဟန်းဆက်အဟောင်း) ဝယ်ယူချိန်တွင်ဖြစ်စေ စံချိန်မမီသော မိုဘိုင်းလက်ကိုင်ဖုန်း (Fake / Clone Handset) ဖြစ်လျှင် စနစ်၏ ရည်ရွယ်ချက်အတိုင်း အသုံးပြု၍မရစေရန် စနစ်မှပိတ်သိမ်းသွားမည် ဖြစ်ပါသည်"

မြို့တ်မြို့ မော်တောင်ပရိယတ္တိစာသင်တိုက်ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် မတ် ၃၀

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုးဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

စမ်းသပ်စစ်ဆေးကုသ

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်၊ နယ်လှည့် ဆေးကုသရေးအဖွဲ့က တနင်္သာရီတိုင်းဒေသကြီး မြို့တ်မြို့ မော်တောင်ပရိယတ္တိစာသင်တိုက်၌ အခြေပြု၍ အဆိုပါစာသင်တိုက်ရှိ သံဃာတော်အပါး ၆၀ နှင့် သာသနာ့နွယ်ဝင် သီလရှင် ၁၅ ပါးတို့ကို အရိုးအကြော ရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ နား/နာခေါင်း/လည်ချောင်းရောဂါ၊ အရေပြား ရောဂါ၊ ကလေးရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ အထွေထွေ ရောဂါတို့နှင့်ပတ်သက်၍လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ စာသင်တိုက်များ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းဆရာတော်အား ဖူးမြော်ကြည်ညိုး၍ လှူဖွယ်ပစ္စည်း ရရှိသည်။

သတင်းစဉ်

မြန်မာသံတမန်သင်တန်းကျောင်း သံတမန်ရေးရာဘွဲ့လွန်ဒီပလိုမာသင်တန်း(၁/၂၀၂၅) သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် မတ် ၃၀

မြန်မာသံတမန်သင်တန်းကျောင်း သံတမန်ရေးရာ ဘွဲ့လွန်ဒီပလိုမာ သင်တန်း အမှတ်စဉ် (၁/၂၀၂၅) သင်တန်းဆင်းပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေး ဝန်ကြီးဌာန နေပြည်တော်ရှိ လောကနတ်ခန်းမ၌ ကျင်းပသည်။ အခမ်းအနားသို့ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် ဦးနိုင်မင်းကျော်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဓော်မြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာသံတမန်သင်တန်းကျောင်း အတိုင်ပင်ခံပညာရှင်များ အဖွဲ့၊ Naypyitaw State Academy မှ ပါမောက္ခချုပ်နှင့် သင်ကြားရေးအဖွဲ့ အဖွဲ့ဝင်များ၊ သံတမန်ရေးရာ ဘွဲ့လွန်ဒီပလိုမာ သင်တန်း အမှတ်စဉ်(၁/၂၀၂၅) နေပြည်တော်တန်းခွဲနှင့် ရန်ကုန်တန်းခွဲတို့မှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်က သင်တန်းဆင်း အမှာစကား ပြောကြားပြီး သင်တန်းပြီးမြောက် ကြောင်းလက်မှတ်များ ပေးအပ်ကာ ဒုတိယဝန်ကြီး ဦးကိုကိုကျော်က ထူးချွန်ဆုရရှိသူများကို ဆုများ ပေးအပ်ချီးမြှင့်သည်။

သံတမန်ရေးရာ ဘွဲ့လွန် ဒီပလိုမာသင်တန်း အမှတ်စဉ် (၁/၂၀၂၅) ကို နေပြည်တော်နှင့် ရန်ကုန်တို့တွင် တန်းခွဲ နှစ်ခုဖြင့် ၂၀၂၅ ခုနှစ် ဇွန် ၂၃ ရက်မှ ၂၀၂၆ ခုနှစ် မတ် ၂၆ ရက်အထိ သင်တန်းကာလ စုစုပေါင်း ရှစ်လကြာ ဖွင့်လှစ်သင်ကြားခဲ့ပြီး အစိုးရအဖွဲ့ အစည်းအသီးသီးနှင့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ ပုဂ္ဂလိက ကဏ္ဍမှ သံတမန်ရေးရာနှင့် နိုင်ငံတကာဆက်ဆံရေးဆိုင်ရာများကို စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ရာ စုစုပေါင်း ၁၀၄ ဦး တက်ရောက် အောင်မြင်ခဲ့သည်။

အဆိုပါ သံတမန်ရေးရာ ဘွဲ့လွန်ဒီပလိုမာသင်တန်း အမှတ်စဉ် (၁/၂၀၂၅) ၏ ဘွဲ့လက်မှတ်များကို Naypyitaw State Academy တွင် ၂၀၂၆ ခုနှစ် ဒီဇင်ဘာလအတွင်းပြုလုပ်မည့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ပေးအပ်ချီးမြှင့်သွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

တရုတ်ဇနီးမယားအဖြစ် လက်ထပ်ပေါင်းသင်းစေကာ ငွေကြေးအကျိုးအမြတ်ခေါင်းပုံဖြတ် ရယူဆောင်ရွက်ကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် မတ် ၃၀

အမျိုးသမီးကို တရုတ်ဇနီးမယားအဖြစ် လက်ထပ်ပေါင်းသင်းစေကာ ရရှိသော ငွေကြေး အကျိုးအမြတ် ခေါင်းပုံဖြတ်ရယူ ဆောင်ရွက်ကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၅ နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မကျီးပင်စောက်ကျေးရွာ နေ အမျိုးသမီးတစ်ဦးသည် ခင်ပွန်းဖြစ်သူနှင့် စကားများရန်ဖြစ်ပြီး အလုပ်လုပ်ကိုင်ရန် လေယာဉ်ဖြင့် ကျိုင်းတုံမြို့သို့ ရောက်ရှိနေစဉ် ရှမ်းပြည်နယ် ကျိုင်းတုံမြို့ ယန်းခမ်းကားကြီး ဝင်းနေ မအိမူမူအောင်(ခ)မသဲသဲ က မိုင်းပေါက်မြို့ရှိ ပွဲစားဒေါ်အိနှင့် ချိတ်ဆက်ပေးမည်၊ တရုတ်အင်္ဂပေးမယား လုပ်မည် ဆိုပါက မိုင်းပေါက်မြို့သို့ သွားရောက်ရမည်၊ တင်တောင်းငွေ ယွမ် ၁၅၀၀၀ ရရှိမည်ဖြစ်ကြောင်း ပြောဆိုစည်းရုံးခဲ့သဖြင့် သဘောတူပြီး ၂၀၂၅ ခုနှစ် ဇူလိုင်လတွင် မအိမူမူအောင်(ခ) မသဲသဲ က ကျိုင်းတုံမှ မိုင်းပေါက်မြို့သို့ ပို့ဆောင်ခဲ့ရာ ပွဲစား ဒေါ်အိထံသို့ ရောက်ရှိခဲ့ကြောင်း။

ဒေါ်အိက တရုတ်ပွဲစားများထံ ၎င်း၏ ဓာတ်ပုံများ ပို့ပေးခဲ့ရာမှ လာရောက်ကြည့်ရှုကြပြီး တရုတ်ပွဲစားများက ဒေါ်အိ ကို တရုတ်ငွေများပေးနေသည်ကို တွေ့ရှိရကြောင်း၊ မည်မျှပေးသည်ကို မသိရှိကြောင်း၊ တရုတ်ပြည်ရှိ တရုတ်အမျိုးသားနှင့် လက်ထပ်ပြီးပါက တင်တောင်းငွေ တရုတ်ယွမ် ၁၅၀၀၀ ရရှိမည်ဟု ဒေါ်အိ နှင့် မအိမူမူအောင်(ခ) မသဲသဲ တို့က ပြောဆိုခဲ့ကြကြောင်း။

ယင်းနောက် တရုတ်ပွဲစားများနှင့်အတူ တောလမ်းများမှ သွားရောက်ခဲ့ရာ တရုတ်ပြည်ရှိ အမည်မသိရွာတစ်ရွာသို့ ရောက်ရှိခဲ့ပြီး ထိုရွာရှိ တရုတ်နိုင်ငံသား "ဝ"အမျိုးသား အဲကား ဆိုသူနှင့် လက်ထပ်ခဲ့ရကြောင်း၊ တင်တောင်းငွေမရသဖြင့် သားမယားအဖြစ် နေထိုင်ရန်ပြောဆိုမှုကို ငြင်းဆန်ခဲ့ရာ ပွဲစားများထံမှ ဝယ်ယူပြီးဖြစ်၍ ကလေးမွေးပြီးမှသာ ပြန်ခိုင်းမည်ဖြစ်ကြောင်း ပြောဆို၍ သားမယားအဖြစ် နေထိုင်ခဲ့ကြောင်း၊ သားမယားအဖြစ်နေထိုင်ရန် ငြင်းဆန်သည့် နေ့များတွင် အခန်းတွင်း တံခါးပိတ်ပြီး ခြေဖြင့်ကန်ခြင်း၊ ကြိုးဖြင့်ရိုက်နှက်ခြင်းများ ပြုလုပ်ခဲ့သဖြင့် အဲကား တောင်ယာသို့သွားစဉ် နေအိမ်မှ ထွက်ပြေးပြီး လျန်စန်းရဲစခန်းသို့ ရောက်ရှိကာ တရားမဝင် ဝင်ရောက်မှုအတွက် ထောင်ဒဏ် နှစ်လနှင့် နှစ်ရက် ချမှတ်ခံခဲ့ရပြီး မြန်မာနိုင်ငံနယ်စပ်သို့ ပြန်လည်လွှဲပြောင်းပေးခဲ့ကြောင်း စီစစ်ပေါ်ပေါက်သဖြင့် အမှတ် (၁၈) လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့စု(ကျိုင်းတုံ) မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ ကျိုင်းတုံမြို့မရဲစခန်း(ပ) ၁၆၇/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး ၂၀၂၆ ခုနှစ် မတ် ၂၆ ရက်တွင် ကျိုင်းတုံခရိုင် တရားရုံးမှ မအိမူမူအောင်(ခ)မသဲသဲ ကို လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ ဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၅ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ ဒေါ်အိ ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/ကျင့် ၅၁ အရ ကျင့် ၈၇/၈၈ ထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်သူ့ကြေးက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

နေပြည်တော် မတ် ၃၀

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြေးက ပြည်သူ့စကား"** အစီအစဉ်မှ **"PDF လူငယ်တွေကို ခုတုံးလုပ်ခဲ့တဲ့ နွေဦးတော်လှန်ရေးကြီး ဇာတ်သိမ်းလေပြီ"** ခေါင်းစဉ်ဖြင့် ဇွန် ၁ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် စ-ဋ-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **"ပြည်တွင်း ဓာတ်အားလိုင်းများ၊ တာဝါတိုင်များ၊ လမ်း/တံတားများ၊ အဆောက်အအုံများ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများကို ဗိုင်းခွဲမီးရှို့ ဖျက်ဆီးနေတဲ့ PDF အကြမ်းဖက်သမားများ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။ အထက်ပါ အစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်း ၀၉-၈၉၉၀၉၉၅၅၁ သို့အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

❏ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

အစိုးရဓမ္မာစရိယနှင့် ပါဠိပဌမပြန်စာမေးပွဲ ဖြေဆိုနေသည့် သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအတွက် ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း



နေပြည်တော် မတ် ၃၀

သာသနာနှစ် ၂၅၆၉ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော အစိုးရဓမ္မာစရိယနှင့် ပါဠိပဌမပြန်စာမေးပွဲ ဖြေဆိုခြင်းကို ရှုမြင်ပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ဆုတောင်းပြည့် မြတ်စွာဘုရားမြို့လယ်မဏ္ဍရုံ၌ ၂၀၂၆ ခုနှစ် မတ် ၂၃ ရက်မှ ဧပြီ ၄ ရက်အထိ ဖြေဆိုကျင်းပလျက်ရှိသည်။

လှည့်လည်ဖူးမြော်

ထိုသို့ စာမေးပွဲဖြေဆိုနေမှုကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦးနှင့် အဖွဲ့ဝင်များက လှည့်လည်ဖူးမြော်ကြည်ညိုပြီး သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ စုစုပေါင်း ၁၁၇၈ ပါးအတွက် ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်၊ အလှူငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ် လှူဒါန်းရာ ဓမ္မာရုံဂေါပကအဖွဲ့ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဖြေဆိုလျက်ရှိ

အဆိုပါ စာမေးပွဲဖြေဆိုရာတွင် ဓမ္မာစရိယ ပါဠိဂုဏ်ထူး သံဃာ/သီလရှင် ၁၂ ပါး၊ ပါဠိပဌမပြန် အကြီးတန်း သံဃာ/သီလရှင် ၆၅ ပါး၊ အလတ်တန်း သံဃာ/သီလရှင် ၁၇၂ ပါး၊ အငယ်တန်း သံဃာ/သီလရှင် ၃၀၆ ပါး၊ မူလတန်း သံဃာ/သီလရှင် ၆၆၈ ပါးတို့ ဖြေဆိုလျက်ရှိကြောင်း သတင်းရရှိသည်။ သတင်းစဉ်

နိုင်ငံတော်မှ အားထားရသည့် နိုင်ငံ့သားကောင်းရတနာများ၊ လက်ရွေးစင် အားကစားသမားများ ပေါ်ထွန်းလာစေရေး လေ့ကျင့်ပျိုးထောင်

နေပြည်တော် မတ် ၃၀

၂၀၂၆ ခုနှစ် ကာယပညာနှင့် အားကစားအခြေခံနည်းပြသင်တန်း အမှတ်စဉ်(၂၃) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်လယ်ဝေးမြို့ အားကစားလေ့ကျင့်ရေးစခန်း၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက အခြေခံပညာကျောင်းများ၌ မရှိမဖြစ်လိုအပ်သည့် ကာယပညာဆရာ ဆရာမ ၄၀၀ ကို ဒုတိယအသုတ်အဖြစ် လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ ပထမအသုတ် သင်တန်းသားသင်တန်းသူ ၄၀၀ ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၅ ရက်မှ ဖေဖော်ဝါရီ ၁၃ ရက်အထိ သင်တန်းဖွင့်လှစ်ပို့ချခဲ့ပြီးဖြစ်ကြောင်း၊ အခြေခံပညာဦးစီးဌာနအနေဖြင့် ၁၉၈၅ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည့် ကာယပညာနှင့်အားကစားအခြေခံနည်းပြသင်တန်းအမှတ်စဉ် (၁) မှ ယခုဖွင့်လှစ်ခဲ့သည့် သင်တန်းအမှတ်စဉ်(၂၃)အထိ ကာယပညာဆရာ ဆရာမပေါင်း ၉၄၂ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ သင်တန်းတက်ရောက်အောင်မြင်ခဲ့သည့် ဆရာ ဆရာမ ၈၀၀ ကို အခြေခံပညာကျောင်းများတွင် ဒုတိယအလယ်တန်းပြ (ကာယပညာ) များအဖြစ် ခန့်အပ်ပေးပြီး တာဝန်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း။

ယခုသင်တန်းက သင်ယူလေ့လာခဲ့သည့် အားကစားနည်းစနစ်များကို စနစ်တကျ သင်ကြားပြသစေလိုကြောင်း၊ အခြေခံပညာကျောင်းသား အားကစားပွဲတော်မှ ပေါ်ထွက်လာမည့် ထူးချွန်ထက်မြက်သည့် အားကစားသမားများကို နိုင်ငံ့လက်ရွေးစင်အားကစားသမားများအဖြစ် ရွေးချယ်ပြီး အာဆီယံကျောင်းသားအားကစားပွဲတော်သို့ အဆင့်မီစွာဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရန် ကြိုးစားလေ့ကျင့်ပေးရမည်ဖြစ်ကြောင်း၊ ယခုဖွင့်လှစ်ပေးခဲ့သည့် သင်တန်းသည် ကာယပညာနှင့်အားကစားအခြေခံနည်းစနစ်များကို သင်ကြားပို့ချနိုင်မည့် ကာယပညာဆရာဆရာမများကို မွေးထုတ်လေ့ကျင့်ပေးခဲ့ပြီး မိမိတို့ တာဝန်ကျရာ ကျောင်းအသီးသီးသို့ ရောက်ရှိသည့်အခါတွင် ကာယပညာနှင့် အားကစားအခြေခံနည်းပြသင်တန်းက သင်ကြားပို့ချပေးလိုက်သည့် သင်ခန်းစာများကို KG+12 သင်ရိုးနှင့်အညီ စနစ်တကျ သင်ကြားပို့ချရင်း နိုင်ငံတော်မှ အားထားရသည့် နိုင်ငံ့သားကောင်းရတနာများ၊ လက်ရွေးစင် အားကစားသမားများ ပေါ်ထွန်းလာစေရေး လေ့ကျင့်ပျိုးထောင်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများက ကာယပညာနှင့်အားကစားအခြေခံနည်းပြ သင်တန်းတွင် ပို့ချသင်ကြားခဲ့သည့် ဘာသာရပ်အလိုက် သရုပ်ပြတင်ဆက်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး သင်တန်းသား သင်တန်းသူများနှင့် သင်တန်းနည်းပြဆရာ ဆရာမများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ယခုဖွင့်လှစ်သည့် ကာယပညာနှင့်အားကစားအခြေခံနည်းပြသင်တန်းအမှတ်စဉ် (၂၃) တွင် ရက်ပေါင်း ၄၀ တိတိသင်ကြားပို့ချခဲ့ရာ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ရတနာပုံတက္ကသိုလ်၌ ကျွမ်းကျင်မှုအတတ်ပညာသင်တန်း အပတ်စဉ်(၁) သင်တန်းဆင်း

မန္တလေး မတ် ၃၀

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရတနာပုံတက္ကသိုလ်၌ တက္ကသိုလ်ဝင်ခွင့် အခြေခံပညာ အထက်တန်းစာမေးပွဲဖြေဆိုဖူးသူ (သို့မဟုတ်) အခြေခံပညာအထက်တန်းအဆင့် ပြီးဖြောက်ခြင်း အောင်လက်မှတ် ရရှိပြီးသူများအတွက် သက်မွေးလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရန်နှင့် လက်တွေ့အတတ်ပညာရပ်များ တတ်ကျွမ်းပြည့်ဝစေရန် ရည်ရွယ်ချက်တို့ဖြင့် ဖွင့်လှစ်ပို့ချခဲ့သည့် ကျွမ်းကျင်မှုအတတ်ပညာသင်တန်း (Job- Ready Skill) အပတ်စဉ်(၁) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက အဆိုပါတက္ကသိုလ်ရှိအားကစားခန်းမ-၂ ၌ ကျင်းပရာ အခမ်းအနားသို့ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာက သင်တန်းဆင်းအမှာစကားနှင့် ဂုဏ်ပြုဝမ်းမြောက်စကားပြောကြားပြီး သင်တန်းသား ၄၇ ဦးအား သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။ ထို့နောက် သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ပေးအပ်ချီးမြှင့်

အဆိုပါ သင်တန်းကို အပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေနေ့များတွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ (ဇန်နဝါရီ ၁၀ ရက်မှ မတ် ၂၈ ရက်အထိ) သင်တန်းကာလ သုံးလသင်ကြားပို့ချခဲ့ကြောင်းနှင့် ပေးအပ်ချီးမြှင့်ခဲ့သည့် သင်တန်းဆင်းလက်မှတ်များသည် ပညာရေးဝန်ကြီးဌာနအသိအမှတ်ပြု Certificate in Cosmetic Technology, Certificate of Preparation of Soap Products, Certificate of Proficiency in Basic Electronics, Certificate of Applied Basic Petrology, Certificate of Natural fertilizer production and application, Certificate of Vermiculture and Vermicompost production စသည့် သင်တန်းဆင်း လက်မှတ်များကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

တင်မောင်-မန်း

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ

မုံရွာ မတ် ၃၀

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် မုံရွာမြို့ရှိ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်အဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်က တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၈၅ ဦးစလုံး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းပြည့်ဖြစ်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ဦးစွာ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စု လွှတ်တော်နာယက ဦးအောင်လင်းဌေးထံမှ ပေးပို့သည့်သဝဏ်လွှာအား လွှတ်တော်တွင် မှတ်တမ်းတင်ခြင်းဆောင်ရွက်ခဲ့သည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် လွှတ်တော်ဥက္ကဋ္ဌက ဥပဒေပြုရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ကျွန်းလှမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) ဦးမြင့်တင်နှင့် အတွင်းရေးမှူး ရဲဦးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) ဦးရဲဓိုးနိုင် အပါအဝင် အဖွဲ့ဝင် ၁၃ ဦး၏ အမည်စာရင်းကို တင်ပြခဲ့သည်။

ဆက်လက်ပြီး တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်များ စီစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာ ကော်မတီဖွဲ့စည်းခြင်း နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော် ကိုယ်စားလှယ်များ စီစစ်ရေးနှင့် လွှတ်တော်အခွင့် အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ မုံရွာမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ဒေါ်ကြူကြူစိန်နှင့် အတွင်းရေးမှူး ရဲဦးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) ဦးအောင်လင်းဆန်းအပါအဝင် အဖွဲ့ဝင်ကိုးဦး၏ အမည်စာရင်းကို တင်ပြသည်။

ယင်းနောက်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက အရာအသုံးငွေစာရင်း ဒေသန္တရစီမံကိန်းနှင့်ဘဏ္ဍာရေးဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် လွှတ်တော်ဥက္ကဋ္ဌက အရာအသုံးငွေစာရင်း ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ တန်ဆည်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂) ဦးသော်နိုင်ဦးနှင့် အတွင်းရေးမှူး ခန္ဓီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ဦးမြတ်ကို အပါအဝင် အဖွဲ့ဝင် ၁၃ ဦး၏ အမည်စာရင်းကို တင်ပြသည်။

အဆိုပါ ကော်မတီ (၄)ရပ်ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းကို လွှတ်တော်အကြီးအမှူးထံသို့ မတ် ၃၀ ရက် ညနေ ၄ နာရီ နောက်ဆုံးထားပေးပို့ရန် လွှတ်တော်ဥက္ကဋ္ဌက ကြေညာခဲ့သည်။

ဆက်လက်၍ တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို မတ် ၃၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

မော်လမြိုင်မြို့၌ ယခုနှစ်မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို လမ်းလျှောက်သင်္ကြန်အဖြစ် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

မော်လမြိုင် မတ် ၃၀

၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်အား နိုင်ငံတစ်ဝန်းလုံး၌ နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ကြမည်ဖြစ်ရာ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌လည်း စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိသည်။

မော်လမြိုင်မြို့၏ မဟာသင်္ကြန်ပွဲတော်အား စည်ကားသိုက်မြိုက်စွာ ကျင်းပရေးအတွက် နှစ်စဉ်ကျင်းပလာသည့် အတာသင်္ကြန်ပွဲများထက် ထူးခြားလေးနက်သည့် အတာသင်္ကြန်ပွဲ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ပြည်နယ် (ဗဟို) သင်္ကြန်မဏ္ဍပ်အား မော်လမြိုင်မြို့ကမ်းနားလမ်းရှိယခင်ကျင်းပပြုလုပ်သည့်နေရာတွင် ဖျော်ဖြေရေးမဏ္ဍပ်များ၊ ဧည့်ခံရေးမဏ္ဍပ်များနှင့် ရေကစားမဏ္ဍပ်များကို ပူးတွဲပြီး တည်ဆောက်လျက်ရှိကြောင်း၊ အလားတူ အဆိုပါကမ်းနားလမ်းတွင် လမ်းလျှောက်သင်္ကြန်ကို ဌာနဆိုင်ရာများ၊ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပြည်သူများ ပူးပေါင်း၍ ယခင်နှစ်ထက် ပိုမိုစည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် စတုဒိသာမဏ္ဍပ်များကို နှစ်စဉ်ကဲ့သို့ ဆောင်ရွက်မည်ဖြစ်ပြီး ယခုနှစ်တွင် ထူးထူးခြားခြား သနပ်ခါးသင်္ကြန်မဏ္ဍပ်၊ လက်ဖက်သင်္ကြန်၊ ထမနဲမဏ္ဍပ်များထည့်သွင်းပြီး ဆင်နွှဲသွားမည်ဖြစ်သည်။ အဆိုပါ မဏ္ဍပ်ပြင်ဆင်မှုများကိုလည်း မြန်မာ့ရိုးရာအတာသင်္ကြန်၏ပုံရိပ်နှင့်အညီ တည်ဆောက်ဆောင်ရွက်သွားမည်ဖြစ်သည်။

မွန်ပြည်နယ်အတွင်း စက်သုံးဆီခြိုးခြွေသောတာသုံးဘွဲ့ရေး အနေဖြင့် လမ်းလျှောက်သင်္ကြန်အပါအဝင် ဗဟို မဏ္ဍပ်နှင့် အခြားသောမဏ္ဍပ်များကို ကမ်းနားလမ်းတွင် တစုတစည်းတည်း ကျင်းပရာ လျှပ်စစ်မီးအသုံးပြု၍ စက်သုံးဆီသုံးစွဲရေးကို အနည်းဆုံးချွေတာနိုင်ရေး စီစဉ်ဆောင်ရွက်ထားကြောင်း မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်းနိုင်ထိမှ သိရသည်။

ခင်စန်းမြင့်(ပြန်/ဆက်)

မော်လမြိုင်မြို့ လမ်းလျှောက်သင်္ကြန်အား ယမန်နှစ်က ကျင်းပခဲ့မှုကို တွေ့ရစဉ်။

စေတုတ္တရာမြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် သမဝါယမမွမ်းမံသင်တန်းဖွင့်

စေတုတ္တရာ မတ် ၃၀

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မြို့နယ်သမဝါယမဦးစီးဌာနမှ အမှုဆောင်နှင့် အသင်းဝန်ထမ်းများအား သမဝါယမမွမ်းမံသင်တန်းကို မတ် ၂၅ ရက်မှ ၂၉ ရက်အထိ မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ဖွင့်လှစ်သည်။

သင်တန်းပို့ချ

အဆိုပါသင်တန်းကို မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သဇင်ကြည်အောင်၊ ဦးစီးမှူးများဖြစ်ကြသော ဦးခင်မောင်ရီ၊ ဒေါ်မိုင်ဇာဇာနေ၊ ဒေါ်အိသူစိုးတို့က သင်တန်းနည်းပြများအဖြစ် သင်တန်းပို့ချပေးခဲ့ပြီး အခြေခံသမဝါယမအသင်း ၁၃ သင်းမှ သင်တန်းသား ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဆန်းကိုကို(ပြန်/ဆက်)

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

ဘိုကလေးမြို့နယ်၌ နွေစပါးစံကွက်ရိတ်သိမ်း

ဘိုကလေး မတ် ၃၀

ဧရာဝတီတိုင်းဒေသကြီးဘိုကလေးမြို့နယ် သင်္ဃံကျေးရွာအုပ်စုကွင်းအမှတ်(၇၀၈) ဦးပိုင်အမှတ် (၉၀/၂) ဧရိယာ ငါးဧကရှိ တောင်သူ ဦးမြင့်ဝေ၏ လယ်ယာမြေ၌ မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးထားခဲ့သော ထိုင်းဘေးကြား စပါးမျိုးကွဲကို ယနေ့နံနက် ပိုင်းက စံကွက်ရိတ်သိမ်းပွဲ ကျင်းပသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းလှိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ညီညီထွဋ် အပါအဝင် မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး လုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများ တက်ရောက်ကြပြီး ဦးမြင့်ဝေ၏ လယ်ယာမြေကို တာဝန်ရှိသူများက စံကွက်ရိတ်သိမ်းရာ တစ်ဧကလျှင်အစို ၁၃၆ ဒသမ ၂၉ တင်း၊ အခြောက် ၁၂၆ ဒသမ ၇၈ တင်းနှုန်း ထွက်ရှိခဲ့ကြောင်း သိရသည်။

မိုးစက်(ဘိုကလေး)

ဩစတြေးလျနိုင်ငံ၌ စက်သုံးဆီအခွန် သုံးလတာ ထက်ဝက်လျှော့ချမည်

ကင်ဘာရာ မတ် ၃၀

ဩစတြေးလျနိုင်ငံ၌ လောင်စာဆီဈေးနှုန်းများ စံချိန်တင်မြင့်တက်မှုကို တုံ့ပြန်ရန် စက်သုံးဆီ ရောင်းချမှုအပေါ် အခွန်စည်းကြပ်မှုကို ထက်ဝက် လျှော့ချသွားမည်ဖြစ်ကြောင်း ဩစတြေးလျဝန်ကြီးချုပ် အန်တိုနီအယ်ဘာနီစ်က မတ် ၃၀ ရက်တွင် ကြေညာခဲ့သည်။

အယ်ဘာနီစ်က ကင်ဘာရာမြို့၌ မတ် ၃၀ ရက် နံနက်ပိုင်းက ဝန်ကြီးချုပ်နှင့်ပြည်နယ်တာဝန်ရှိသူများ တွေ့ဆုံပြီးနောက် စက်သုံးဆီစည်းကြပ်ခွန်ကို ဧပြီ ၁ ရက်မှစ၍ သုံးလတာအထိ လျှော့ချသွားမည်ဖြစ်ကြောင်း သတင်းထောက်များကို ပြောကြားခဲ့သည်။

အရှေ့အလယ်ပိုင်း ပဋိပက္ခများကြောင့် စက်သုံးဆီဈေးနှုန်းများ မြင့်တက်နေချိန်တွင် ဓာတ်ဆီနှင့် ဒီဇယ်ဆီ၏ကုန်ကျစရိတ်ကို တစ်လီတာလျှင် ၂၆ ဒသမ ၃ ဆင့်အထိ ကနဦး လျှော့ချသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

နိုင်ငံတစ်ဝန်း ပျမ်းမျှစက်သုံးဆီဈေးနှုန်းမှာ မတ် ၂၉ ရက်အထိ ရက်သတ္တပတ်အတွင်း တစ်လီတာလျှင် ဩစတြေးလျဒေါ်လာ ၂ ဒသမ ၅၃ ဒေါ်လာ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၃ ဒေါ်လာခန့်) စံချိန်တင်မြင့်တက်ခဲ့ကြောင်း ဩစတြေးလျရေနံအဖွဲ့အစည်း (AIP) က နောက်ဆုံးထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။ အဆိုပါ စက်သုံးဆီဈေးနှုန်းမှာ ပြီးခဲ့သည့် ရက်သတ္တပတ်က ဩစတြေးလျဒေါ်လာ ၂ ဒသမ ၃၈ ဒေါ်လာရှိရာမှ ၆ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်လာခြင်းဖြစ်သည်။

နိုင်ငံ၏ ပျမ်းမျှဒီဇယ်ဆီဈေးနှုန်းမှာလည်း အလားတူကာလအတွင်း တစ်လီတာလျှင် ဩစတြေးလျဒေါ်လာ ၃ ဒသမ ၁၆ ဒေါ်လာရှိရာမှ ၄ ဒသမ ၀၅ ဒေါ်လာခန့်အထိ မြင့်တက်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

ကင်ညာနိုင်ငံ၌ ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၁၁၀ အထိ မြင့်တက်

နိုင်ရိုဘီ မတ် ၃၀

ကင်ညာနိုင်ငံတစ်ဝန်း မကြာသေးမီက မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သဖြင့် သေဆုံးသူပေါင်း ၁၁၀ အထိ မြင့်တက်လာကြောင်း အာဏာပိုင်များက အတည်ပြုပြောကြားသည်။

ခရိုင် ၃၀ ကျော်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုနှင့် အခြားသောဘေးအန္တရာယ်များကို ကြုံတွေ့ခဲ့ကြရပြီး လူပေါင်းများစွာမှာလည်း ရေဘေးဒဏ်ခံစားနေရကြောင်းနှင့် အရေးကြီးသည့် အခြေခံအဆောက်အအုံများမှာလည်း ဆိုးဆိုးရွားရွားထိခိုက်ပျက်စီးခဲ့ကြောင်း ပြည်ထဲရေးနှင့် အမျိုးသားစီမံခန့်ခွဲရေးဝန်ကြီးဌာနက ပြောကြားသည်။

မြို့တော်နိုင်ငံရိုဘီတွင် ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၃၇ ဦး ဖြင့် အများဆုံးဖြစ်ပြီး အရှေ့ပိုင်းဒေသတွင် ၂၆ ဦးနှင့် ရစ်ဖ်ဗယ်လီဒေသတွင် ၁၄ ဦး သေဆုံးကြောင်း အဆိုပါဝန်ကြီးဌာနက ပြောကြားသည်။

မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းနေသည့်အတွက် ရေဘေးအန္တရာယ်ရှိသည့်ဒေသများတွင် နေထိုင်သောပြည်သူများအနေဖြင့် နိုးနိုးကြားကြားရှိကြရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းရေး အကြံပြုချက်များကို လိုက်နာကြရန် တိုက်တွန်းထားသည်။ ထို့ပြင် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့များက မြေပြင်တွင် အသင့်စောင့်ဆိုင်းနေသည်ဟု သိရသည်။

ဆင်ဟွာ

ကျူးဘားသို့ ရေနံထောက်ပံ့မှုများ ရုရှားဆက်လက်လုပ်ဆောင်သွားမည်

မော်စကို မတ် ၃၀

ကာရေဘီယံကျွန်းနိုင်ငံ ဖြစ်သည့် ကျူးဘားနိုင်ငံ၌ စွမ်းအင်ပြတ်လပ်မှုနှင့် ရင်ဆိုင်နေရချိန်တွင် ရုရှားနိုင်ငံက ရေနံထောက်ပံ့မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကရင်မလင် ၏ ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီ ပက်စ်ကော့ဗ်က မတ် ၃၀ တွင် ပြောကြားသည်။

ကျူးဘားသို့ စွမ်းအင်ထပ်မံတင်ပို့ရောင်းချမှုကို မျှော်လင့်နိုင်မလားဟု သတင်းထောက်များက မေးမြန်းရာ မိမိတို့ ဆက်လက်လုပ်ဆောင်သွားမည်ဟု ပက်စ်ကော့ဗ်က သတင်းထောက်များအား ပြန်လည်ဖြေကြားခဲ့သည်။ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ရုရှားရေနံတင်သင်္ဘော တစ်စင်း ကျူးဘားနိုင်ငံသို့ ရောက်ရှိသွားကြောင်း ရုရှားပို့ဆောင်ရေးဝန်ကြီးဌာနက ယနေ့ အစောပိုင်းတွင် သတင်းထုတ်ပြန်ခဲ့သည်။

မော်စကိုသည် ကျူးဘား၏ လက်ရှိ အခက်အခဲများကို လျစ်လျူမရှုနိုင်ဘဲ ယင်းကိစ္စကို အကောင်အထည်ဖော်ခြင်း ဖြစ်ကြောင်း ပက်စ်ကော့ဗ်က ဆက်လက်ပြောကြားသည်။

လက်ရှိ အခြေအနေအရ ကျူးဘားသို့ လိုအပ်သော အကူအညီများပေးရန်မှာ မိမိတို့၏ တာဝန်ဖြစ်သည်ဟု ရုရှားက ရှုမြင်ပြီး တင်ပို့နိုင်ခဲ့သည့်အတွက် ရုရှားအနေဖြင့် ဝမ်းမြောက်မိကြောင်း ၎င်းက ပြောကြားသည်။

ရေနံတင်သင်္ဘော အနာတိုလီကိုလော့ဒ်ကင်သည် လူသားချင်း စာနာထောက်ထားမှု အကူအညီဖြင့် ကျူးဘားသို့ ရေနံစိမ်းတန်ချိန် တစ်သိန်းခန့် ပို့ဆောင်ပေးထားကြောင်း ရုရှားပို့ဆောင်ရေး ဝန်ကြီးဌာနက မတ် ၃၀ တွင် ထုတ်ပြန်ထားသည်။

ဆင်ဟွာ

အရှေ့အလယ်ပိုင်းဒေသမှ ပထမဆုံးရေနံတင်သင်္ဘော ဂျပန်နိုင်ငံသို့ ရောက်ရှိ

တိုကျို မတ် ၃၀

အရှေ့အလယ်ပိုင်းဒေသမှ ရေနံစိမ်းတင်ဆောင်လာသော သင်္ဘော တစ်စင်းသည် ဂျပန်နိုင်ငံအနောက်ပိုင်းရှိ ရေနံချက်စက်ရုံသို့ ဆိုက်ရောက်လာပြီဖြစ်ကြောင်း အင်နိုအိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အရှေ့အလယ်ပိုင်းဒေသတွင် ပဋိပက္ခများကြောင့် ရေနံစိမ်းထောက်ပံ့မှုအပေါ် စိုးရိမ်ကြောင့် ကြမ္မများ မြင့်တက်နေချိန်တွင် အဆိုပါ သင်္ဘောဆိုက်ရောက်လာခြင်းဖြစ်သည်။ ယင်းသင်္ဘောသည် ဆော်ဒီအာရေဗျနိုင်ငံမှ ရေနံစိမ်း ကီလိုလီတာ ပေါင်း တစ်သိန်းခန့် တင်ဆောင်လာခြင်း ဖြစ်သည်။

အဆိုပါ ရေနံစိမ်းများကို ပင်လယ်နီ လမ်းကြောင်းမှ တစ်ဆင့် သယ်ဆောင်လာခြင်း ဖြစ်ပြီး ယင်းလမ်းကြောင်းသည် ဟော်မုဇ် ရေလက်ကြားကို ရှောင်ကွင်းသည့် လမ်းကြောင်း ဖြစ်ကြောင်း သိရသည်။

ယင်း ရေနံစိမ်းများသည် မတ် ၂၉ ရက်တွင် အိပ်ဗီမဲ ခရိုင် အီမာဘာရီမြို့ရှိ ရေနံစက်ရုံသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

အရှေ့အလယ်ပိုင်းဒေသတွင် တင်းမာမှုများ ရှိနေသော်လည်း အခက်အခဲမရှိဘဲ ပထမဆုံး အကြိမ် ရေနံတင်ပို့မှုကို လက်ခံရရှိခဲ့သဖြင့် စီတီသက်သာရကြောင်း တိုင်ယိုရေနံကုမ္ပဏီပိုင် ရှိကိုကု စက်ရုံခွဲ ညွှန်ကြားရေးမှူး အီရှီ ကာဝါ ဂျူနီအိချိက ပြောသည်။

အန်အိတ်ချ်ကေ

ပြန်ပေးဆွဲသမားလက်တွင်းရှိ ကလေးများကို အာဖဂန်လုံခြုံရေးတပ်ဖွဲ့များ အောင်မြင်စွာကယ်ထုတ်ပေးနိုင်ခဲ့

ကဘူးလ် မတ် ၃၀

အာဖဂန်လုံခြုံရေးတပ်ဖွဲ့များသည် နိုင်ငံမြောက်ပိုင်း ပါဝမ်ပြည်နယ်တွင် ပြန်ပေးဆွဲသူများထံမှ ကလေးလေးဦးကို အောင်မြင်စွာ ကယ်ထုတ်နိုင်ခဲ့ကြောင်း ဒေသတွင်းမီဒီယာ တိုလိုသတင်းက မတ် ၃၀ တွင် ဖော်ပြခဲ့သည်။

အစီရင်ခံစာအရ လွန်ခဲ့သော ရက်အနည်းငယ်က ကလေးများသည် ဘော့ခ်ဒေသတွင် ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်သည်။ ဆာလန်ခရိုင် အစွန်အဖျားတွင် ကယ်ဆယ်နိုင်ခဲ့သည့် ၎င်းတို့၏ကယ်ဆယ်ရေးလုပ်ငန်းများသည် ကဘူးလ်မြို့ မြောက်ဘက် တောင်ထူထပ်သော စကြံလမ်းကြောင်းတစ်လျှောက်တွင် တည်ရှိသည့် အဓိကသယ်ယူပို့ဆောင်ရေးနေရာ၌ ပြုလုပ်ခဲ့သည့် အောင်မြင်သောစစ်ဆင်ရေးတစ်ခုလည်းဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

အဆိုပါ စစ်ဆင်ရေးသည် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပြန်ပေးဆွဲသူများ၏ တည်နေရာသို့ အတိအကျဖော်ထုတ်ပေးသည့် တိကျသော ထောက်လှမ်းရေးအချက်အလက်များကို လိုက်နာခြင်းဖြင့် အောင်မြင်မှုရရှိစေခဲ့သည်။

ပြန်ပေးသမားများနှင့်ညှိနှိုင်းဆွေးနွေးပြီးနောက် ဝင်ရောက်စီးနင်းခဲ့ကြပြီး ကလေးငယ်များကို ဘေးအန္တရာယ်ကင်းရှင်းစွာ ကယ်ဆယ်နိုင်ခဲ့သည်။ ထို့နောက် မကြာမီ ၎င်းတို့၏မိဘများနှင့် ပြန်လည်ဆုံတွေ့ပေးခဲ့သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ သံသယရှိသည့် ပြန်ပေးဆွဲသူများကိုမူ အစီရင်ခံစာ၌ ဖော်ပြထားခြင်းမရှိကြောင်း သိရသည်။

ဆင်ဟွာ

အိန္ဒိယသမ္မတနိုင်ငံမှ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်သို့ ပေးပို့လှူဒါန်းသည့် လျှင်အပြီး အဆောက်အအုံများစစ်ဆေးရန် အသုံးပြုမည့်ကိရိယာများ လွှဲပြောင်းပေးအပ်

ရန်ကုန် မတ် ၃၀

အိန္ဒိယသမ္မတနိုင်ငံမှ မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်းချုပ်သို့ ပေးပို့လှူဒါန်းသည့် လျှင်အပြီး အဆောက်အအုံများ စစ်ဆေးရန် အသုံးပြုမည့် ကိရိယာများ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့ နံနက် ၁၁ နာရီက ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာနိုင်ငံ အင်ဂျင် နီယာအသင်းချုပ်ရှိ Function Hall၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်းချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ဌေး က ကြိုဆိုနှုတ်ခွန်းဆက် စကား ပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Abhay Thakur က အမှာစကား ပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ဦးဆန်းကြူက လှူဒါန်းသည့် အဆောက်အအုံ စစ်ဆေးခြင်းအတွက် စက်ပစ္စည်း အသုံးပြုမှုနည်းပညာဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး ပစ္စည်း ကိရိယာများနှင့် စာရွက်စာတမ်း များကို မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယ နိုင်ငံ သံအမတ်ကြီးက မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ် ဥက္ကဋ္ဌ ထံ လွှဲပြောင်းပေးအပ်ကာ မြန်မာ နိုင်ငံ အင်ဂျင်နီယာအသင်းချုပ်ရှိ မြန်မာနိုင်ငံ လျှင်ကော်မတီ ဥက္ကဋ္ဌ ဦးညွှန့်မောင်ဆန်းက နိုဂုံး ချုပ် အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်းဥက္ကဋ္ဌ ဦးခင်မောင်ဌေးက "ဒီနေ့လှူဒါန်းတဲ့ ပစ္စည်းတွေကို အိန္ဒိယကနေ ရန်ကုန်ဆိပ်ကမ်း ရောက်အောင် သံရုံးအစီအစဉ်နဲ့ ဆောင်ရွက်ပေးခဲ့တာပါ။ မတ် ၂၄ ရက်မှာ ကျွန်တော်တို့ အင်ဂျင်နီယာ အသင်းချုပ်ရုံးကို ရောက်ပါတယ်။ လှူဒါန်းတဲ့ပစ္စည်းက ၁၁ မျိုး ပါဝင်ပြီး တန်ဖိုးက အိန္ဒိယရူပီး သန်းပေါင်း ၂၀ ကျော်ဖြစ်ပြီး မြန်မာငွေတန်ဖိုးအနေနဲ့ ကျပ် သိန်းပေါင်း တစ်သောင်းကျော် တန်ဖိုးရှိပါတယ်။ အခုလိုလှူဒါန်း ပေးတဲ့အတွက် အိန္ဒိယသမ္မတ နိုင်ငံနဲ့ အိန္ဒိယပြည်သူပြည်သား တွေ၊ သံအမတ်ကြီးနဲ့တကွ သံရုံး က တာဝန်ရှိသူအားလုံးကို ကျေးဇူး တင်ပါတယ်။ အဓိပ္ပာယ်ရှိတဲ့ ပုံပိုး ကူညီမှုဟာ ဧတနာကောင်းကို သာမက မြန်မာနိုင်ငံနဲ့ အိန္ဒိယ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ခိုင်မာပြီး ရေရှည်တည်တဲ့တဲ့ မိတ်ဖက်ဆက်ဆံရေးကိုလည်း ထင်ဟပ်စေပါတယ်" ဟုပြောသည်။

ယနေ့ လှူဒါန်းသည့် စက် ယန္တရားနှင့် ပစ္စည်းကိရိယာများ တွင် မြေကြီးထိုးဖောက်စစ်ဆေး ရေး ရေဒါစက် (Ground Penetration Radar)၊ Lidar စကန်နာပါ သော တက်ပလက် (Tablet / iPad with Lidar Scanner)၊ လေဗယ်တိုင်းတာရေး လေဆာ စက် (Levelling Laser)၊ ဒစ်ဂျစ် တယ် ရေညှိတန်းတိုင်းကိရိယာ (၁ မီတာ) (Digital Spirit Level 1M Length)၊ အတိုင်းအတာတိုင်း ကိရိယာ (Vernier Clipper)၊ အကွာ အဝေးတိုင်းတာရေး လေဆာစက် အများဆုံးအကွာအဝေး(Distance Laser Max)၊ ကွန်ကရစ်ခိုင်ခံမှု စမ်းသပ်ဟမ်မာ (Rebound Hammer)၊ တိုင်းတာရေးစက် (Total Station)၊ ကွန်ပျူတာ (Computer)နှင့် ဆက်စပ်ပစ္စည်း များပါဝင်ပြီး ဘေးအန္တရာယ် မတိုင်မီနှင့် ဘေးအန္တရာယ် ဖြစ်ပွားပြီးနောက် အဆောက်အအုံ အကဲဖြတ်ခြင်းများအတွက် အသုံး ပြုနိုင်သည့် စက်ယန္တရားနှင့် ပစ္စည်းကိရိယာများ ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

(၈၁)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ် ပိုစတာကြီးများစိုက်ထူထားပြီး တပ်မတော်ပန်းခြံများတွင် မီးအလှများ၊ ပန်းအလှများဖြင့် အလှဆင်

နေပြည်တော် မတ် ၃၀

၂၀၂၆ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်ခဲ့သည့် (၈၁)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသော အားဖြင့် နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ ပင်လောင်း မီးပွိုင့်လမ်းဆုံနှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်း၌ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ပြီး ဇာတိသွေး၊ ဇာတိမာန် တက်ကြွစေမည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်သည်များ၏ လှုပ်ရှားမှုပုံရိပ်များကို ဖော်ကျူး ထားသော ပိုစတာကြီးများကို စိုက်ထူထားရှိသည်။

အလားတူ ပင်လောင်းလမ်းဆုံ မှစစ်ရေးပြကွင်းကြီးသို့သွားရောက် သည့်လမ်းတစ်လျှောက်တွင်လည်း တပ်မတော်၏ဆောင်ပုဒ်များကို မြန်မာ - အင်္ဂလိပ် နှစ်ဘာသာဖြင့် စိုက်ထူထားပြီး စစ်ရေးပြကွင်း အဝင်ဝရှိ မုခ်ဦးကြီးကိုလည်း ရောင်စုံမီးအလှများဖြင့် ခမ်းနား ထည်ဝါစွာ တွေ့မြင်နိုင်သည်။

စစ်ကြောင်းကြီးများ ချီတက် ရာ လမ်းကြောင်းတစ်လျှောက်၌ စစ်ကြောင်းများ၏ ကိုယ်စားပြု အရောင်အလှမီးများ၊ မီးအလှ ထွန်းသည့် Truss Beam များ၊ မီးဆိုင်းများ၊ Light Box များ၊ Lighting Pole များဖြင့်လည်း ကောင်း၊ စစ်ရေးပြကွင်းကြီး၏ အဝင်မုခ်ဦးတွင် LED Strip Light များ၊ လမ်းဘေးဝဲယာတစ်လျှောက်၌ မိုးစက်မီးများ၊ Up Light များ၊ Program LED Strip Light များ၊ ရောင်စုံအလှမီးများဖြင့် ဆင်ယင် ထားပြီး စစ်ကြောင်းကြီးများအား ဂုဏ်ပြုကြိုဆိုပါ၏ စာတန်းများ၊ နိုင်ငံတော်အလံနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) အလံများကို Lighting Effect မီးအလှများဖြင့် ပုံဖော်၍လည်းကောင်း၊ စစ်ရေး ပြကွင်းအတွင်း အလေးပြုခံ စင်မြင့် မျက်နှာမူရာရှိ သစ်ပင်များ၌ လည်း Handmade အလှမီးများ ဖြင့်လည်းကောင်း၊ မင်းကြီးသုံးပါး ရုပ်တုအောက်ခံ၌ တပ်မတော် အလံပုံဖော်ထားသည့်ကြယ်တံဆိပ် နှစ်ခုအား LED Strip Light များ ဖြင့်လည်းကောင်း အသီးသီး ပုံဖော် အလှဆင်ထားသည်ကို

ခမ်းနားထည်ဝါစွာ တွေ့မြင်နိုင် မည်ဖြစ်သည်။

ထို့အပြင် ၂၀၂၆ ခုနှစ် (၈၁) နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် နေပြည်တော် စစ်ရေးပြ ကွင်းကြီးရှေ့ရှိ တပ်မတော် ပန်းခြံတွင်လည်း မီးအလှများဖြင့် ဖန်တီးပုံဖော်ထား သည့် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်အလံနှင့် (၈၁) နှစ် မြောက် တပ်မတော်နေ့ အထိမ်း အမှတ်တံဆိပ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များတွင် အသုံးပြုသည့် ယာဉ်ယန္တရားပုံစံ ငယ်များ၊ ရေယာဉ်ပုံစံငယ်များ၊ လေယာဉ်ပုံစံငယ်များ၊ ရဟတ် ယာဉ်ပုံစံငယ်များကို ပြသထား သည်။ ပန်းခြံအတွင်း ဖိုက်ဘာဖြင့် ပြုလုပ်ထားသည့် စစ်သည်ရုပ်တု ငယ်များ၊ ပုံဖော်ထားသည့် ပန်း အလှများ၊ သစ်ပင်များတွင် တပ်ဆင်ထားသည့် မီးရောင်စုံများ၊ မီးအလှများဖြင့် ပြုလုပ်ထားရှိရာ လာရောက် အပန်းဖြေလည်ပတ် ကြသူများဖြင့် ယနေ့တတိယ မြောက်နေ့တွင်လည်း စည်ကား လျက်ရှိသည်။

(၈၁)နှစ်မြောက် တပ်မတော် နေ့အား ဂုဏ်ပြုသောအားဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့ ၌လည်း မီးရောင်စုံများ၊ မီးအလှ များဖြင့် ထွန်းညှိ၍ ဂုဏ်ပြုအလှ ဆင်မှုများ ပြုလုပ်ထားလျက်ရှိရာ အဆိုပါနေရာများသို့ လာရောက် အပန်းဖြေလည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိသည်။ **သတင်းစဉ်**

ကမ္ဘာကသိသည့် မြန်မာ့ဂုဏ်ဆောင် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်နှင့် အမျိုးသားအဆင့် အမှတ်တံဆိပ်

(ရွှေစင်ထွန်း(အညာမြေ))

“စိမ်းစိုသော သနပ်ခါးတောများမှထွက်ရှိသည့် သနပ်ခါးနံ့သာသည် မြန်မာ့မြေဆီလွှာ၏ ရနံ့ဖြစ်သကဲ့သို့ ပါးပြင်ပေါ်ရှိ သနပ်ခါးကွက်များသည်လည်း မြန်မာတို့၏ ရိုးသားဖြူစင်မှုနှင့် ယဉ်ကျေးသိမ်မွေ့မှုကို ဖော်ညွှန်းနေပါသည်။ ယနေ့ကမ္ဘာ့ဇာတ်ခုံပေါ်တွင် ယူနက်စကို၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် (Intangible Cultural Heritage) အဖြစ် အသိအမှတ်ပြုခံရခြင်းသည် မြန်မာ့သနပ်ခါးကို ကမ္ဘာက အလေးအနက်ထား လေးစားလာရသည့် သက်သေပင် ဖြစ်ပါသည်”

မြန်မာ့ယဉ်ကျေးမှု သမိုင်းစဉ်တစ်လျှောက်တွင် သနပ်ခါးသည် မြန်မာတို့၏ နေ့စဉ်ဘဝနှင့် ခွဲခြားမရအောင် ခွန်တွဲနေသော အဖိုးတန်ရတနာတစ်ပါး ဖြစ်ပါသည်။ ရှေးဘုရင်များလက်ထက်မှသည် ယနေ့ခေတ်ကာလအထိ လူတန်းစားမရွေး၊ ကျားမမရွေး အသုံးပြုကြသည့် သနပ်ခါးသည် ရိုးရာအလှအပ ပစ္စည်းတစ်ခုထက် ပိုလွန်ကာ မြန်မာတို့၏ ဝိသေသလက္ခဏာ (National Identity) ကို ထင်ဟပ်စေသည့် ပြယုဂ်တစ်ခု ဖြစ်ပါသည်။

စိမ်းစိုသော သနပ်ခါးတောများမှ ထွက်ရှိသည့် သနပ်ခါးနံ့သာသည် မြန်မာ့မြေဆီလွှာ၏ ရနံ့ဖြစ်သကဲ့သို့ ပါးပြင်ပေါ်ရှိ သနပ်ခါးကွက်များသည်လည်း မြန်မာတို့၏ ရိုးသားဖြူစင်မှုနှင့် ယဉ်ကျေးသိမ်မွေ့မှုကို ဖော်ညွှန်းနေပါသည်။ ယနေ့ကမ္ဘာ့ဇာတ်ခုံပေါ်တွင် ယူနက်စကို၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် (Intangible Cultural Heritage) အဖြစ် အသိအမှတ်ပြုခံရခြင်းသည် မြန်မာ့သနပ်ခါးကို ကမ္ဘာက အလေးအနက်ထား လေးစားလာရသည့် သက်သေပင် ဖြစ်ပါသည်။

သနပ်ခါး၏ သမိုင်းမြစ်ဖျားနှင့် ရှေးဟောင်းအထောက်အထားများ

မြန်မာ့သနပ်ခါး၏သမိုင်းသည် ပုဂံခေတ် မတိုင်မီ ပျူခေတ်ကတည်းက စတင်ခဲ့ကြောင်း ရှေးဟောင်းသုတေသန အထောက်အထားများက ဖော်ပြနေပါသည်။ သရေခေတ္တရာမြို့ဟောင်း တူးဖော်မှုများတွင် သနပ်ခါးသွေးသည့် ကျောက်ပျဉ်ချပ်များကို တွေ့ရှိရခြင်းက မြန်မာတို့ သနပ်ခါးကို အသုံးပြုခဲ့သည်မှာ နှစ်ပေါင်းထောင်ချီကြာမြင့်ခဲ့ပြီဖြစ်ကြောင်း သက်သေပြနေပါသည်။

ရိုးရာယဉ်ကျေးမှုနှင့် သနပ်ခါး၏ အခန်းကဏ္ဍ

သနပ်ခါးသည် မြန်မာ့လူနေမှုစနစ်တွင် မွေးဖွားချိန်မှ ကွယ်လွန်ချိန်အထိ ပါဝင်ပတ်သက်နေပါသည်။ ကလေးငယ်များကို ရေချိုးပေးပြီးနောက် သနပ်ခါးလူးပေးခြင်း၊ ပျိုမေတို့ အလှပြင်ခြင်းနှင့် ဘာသာရေးပွဲလမ်းသဘင်များတွင် သနပ်ခါးကို အသုံးပြုခြင်းသည် ခိုင်မာသည့် ရိုးရာဓလေ့တစ်ခု ဖြစ်ပါသည်။

ယူနက်စကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် တင်သွင်းခြင်း

မြန်မာ့သနပ်ခါးကို လူသားမျိုးနွယ်တို့၏ ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် (Representative List of the Intangible Cultural Heritage of Humanity) စာရင်းသို့ တင်သွင်းခြင်းသည် နိုင်ငံတကာမှ မြန်မာ့ရိုးရာကို အသိအမှတ်ပြုစေရန် လုပ်ဆောင်သည့် သမိုင်းဝင် ခြေလှမ်းတစ်ခု ဖြစ်ပါသည်။

ဒြပ်မဲ့အမွေအနှစ် (Intangible Heritage) ဟု သတ်မှတ်ရသည့် အကြောင်းရင်း

ယူနက်စကိုအနေဖြင့် သနပ်ခါးပင်ကိုသာမက သနပ်ခါးကို စိုက်ပျိုးခြင်း၊ သွေးခြင်း၊ လိမ်းခြယ်ခြင်းနှင့် ယင်းနှင့်ဆက်နွယ်နေသည့် လူမှုရေးယဉ်ကျေးမှုဖြစ်စဉ်တစ်ခုလုံးကို အမွေအနှစ်အဖြစ် သတ်မှတ်ခြင်းဖြစ်ရာ ဤသည်မှာ လူသားတို့၏ ဖန်တီးနိုင်စွမ်းကို ဂုဏ်ပြုခြင်းပင် ဖြစ်ပါသည်။

သနပ်ခါးနှင့် မြန်မာ့အနုသုခုမပညာရပ်များ

မြန်မာ့ကဗျာ၊ သီချင်းနှင့် စာပေများတွင် သနပ်ခါးကို အမွှမ်းတင်ရေးဖွဲ့ခဲ့ကြပါသည်။ “ပါးပြင်ပေါ်က သနပ်ခါး”သည် မြန်မာ့အလှတရား၏ သင်္ကေတအဖြစ် ကမ္ဘာကျော်စာပေပညာရှင်များနှင့် ခရီးသွားများအကြား ရေပန်းစားခဲ့ပါသည်။

သဘာဝဆေးဖက်ဝင် အကျိုးအာနိသင်များနှင့် ကျန်းမာရေး

သနပ်ခါးသည် အလှအပအတွက်သာမက အရေပြားရောဂါများကို ကာကွယ်ပေးခြင်း၊ နေလောင်ဒဏ်မှ ကာကွယ်ပေးခြင်းနှင့် ကိုယ်ခန္ဓာကို အေးမြစေခြင်း စသည့်ဆေးဖက်ဝင်ဂုဏ်သတ္တိများစွာ ပိုင်ဆိုင်ထားသောကြောင့် “သဘာဝဓာတ်ခွဲခန်းမှ ထွက်ရှိသော ဆေးရတနာ”ဟု ခေါ်ဆိုနိုင်ပါသည်။

သနပ်ခါးစိုက်ပျိုးရေးနှင့် ကျေးလက်စီးပွားရေး

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများဖြစ်သည့် စစ်ကိုင်း၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် သနပ်ခါးစိုက်ပျိုးခြင်းသည် ဒေသခံပြည်သူတို့၏ အဓိက စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်ပါသည်။ သနပ်ခါးကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုနေခြင်း ဖြစ်ပါသည်။

အညာမြေ၏ သင်္ကေတနှင့် သနပ်ခါးပွဲတော်များ

သနပ်ခါးသည် အညာဒေသ၏ ဝိသေသဖြစ်ပြီး ရွှေဘိုသနပ်ခါး၊ အရာတော်သနပ်ခါးစသည်ဖြင့် ဒေသအလိုက်ထွက်ရှိသော သနပ်ခါးများမှာ ထင်ပေါ်ကျော်ကြားလျက်ရှိပါသည်။ သနပ်ခါးနှင့် ပတ်သက်သည့်ပြိုင်ပွဲများ၊ ပွဲတော်များသည် မြန်မာ့ခရီးသွားကဏ္ဍကို ဆွဲဆောင်သည့်အချက်များ ဖြစ်လာပါသည်။

International Trademark အဖြစ် ဖော်ဆောင်ခြင်း

မြန်မာ့သနပ်ခါးကို ကမ္ဘာ့စျေးကွက်တွင် အခြားနိုင်ငံများမှ အတုအယောင်ပြုလုပ်နိုင်ရန်နှင့် မြန်မာ့မူပိုင်အဖြစ် တရားဝင်ရပ်တည်နိုင်ရန် နိုင်ငံတကာ ကုန်အမှတ်တံဆိပ် (International Trademark) အဖြစ် ခိုင်မာစွာတည်ဆောက်နိုင်ရန် လိုအပ်ပါသည်။

သနပ်ခါးတန်ဖိုးမြှင့် ထုတ်ကုန်များ

ရိုးရာအတိုင်းသွေးလိမ်းရုံသာမက သနပ်ခါးကို အခြေခံသည့် အလှကုန်ပစ္စည်းများ၊ လိုးရှင်း (Lotion)များ၊ ဆပ်ပြာများနှင့် ပေါင်ဒါများကို ခေတ်မီနည်းပညာဖြင့် ထုတ်လုပ်ကာ ပြည်ပသို့ တင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရှာဖွေနိုင်မည် ဖြစ်ပါသည်။

အရည်အသွေးထိန်းသိမ်းခြင်းနှင့် ဓာတ်ခွဲစစ်ဆေးမှုများ

နိုင်ငံတကာစျေးကွက်သို့ ထိုးဖောက်ရာတွင် သနပ်ခါး၏သန့်စင်မှုနှင့် အရည်အသွေးကို စနစ်တကျ စစ်ဆေးရန် လိုအပ်ပါသည်။ သဘာဝစစ်စစ်ဖြစ်ကြောင်း အာမခံချက်ပေးနိုင်ခြင်းသည် ကမ္ဘာ့အဆင့်မီ အမှတ်တံဆိပ်ဖြစ်လာစေမည့် သော့ချက်ပင် ဖြစ်ပါသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သနပ်ခါး

သနပ်ခါးပင်များကို စနစ်တကျစိုက်ပျိုးခြင်းဖြင့် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုနိုင်သကဲ့သို့ ဂေဟစနစ် ထိန်းသိမ်းရေးတွင်လည်း အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။

လူငယ်မျိုးဆက်သစ်နှင့် သနပ်ခါးယဉ်ကျေးမှု

ခေတ်ပေါ် အလှကုန်ပစ္စည်းများအကြားတွင် မြန်မာ့လူငယ်များအနေဖြင့် မိမိတို့၏ ရိုးရာသနပ်ခါးကို ဂုဏ်ယူစွာ ဆက်လက်အသုံးပြုကြရန် တိုက်တွန်းနှိုးဆော်ခြင်းသည် အမွေအနှစ်မပျောက်ပျက်စေရန် ထိန်းသိမ်းခြင်းပင် ဖြစ်ပါသည်။

ကမ္ဘာ့ခရီးသွားလုပ်ငန်းနှင့် သနပ်ခါးပြတိုက်များ

မြန်မာနိုင်ငံသို့ လာရောက်သော နိုင်ငံခြားသားများ သနပ်ခါးအကြောင်း လေ့လာနိုင်ရန် သနပ်ခါးပြတိုက်များ၊ သနပ်ခါးစိုက်ခင်းများကို ခရီးသွားနေရာများအဖြစ် ဖော်ဆောင်ခြင်းဖြင့် ဒေသတွင်း ခရီးသွားလုပ်ငန်းကို မြှင့်တင်နိုင်မည် ဖြစ်ပါသည်။

အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု

သနပ်ခါးကို ယူနက်စကိုစာရင်းဝင်ဖြစ်ရေးနှင့် ကမ္ဘာ့စျေးကွက်ထိုးဖောက်ရေးတို့တွင် အစိုးရ၏ မူဝါဒပိုင်းဆိုင်ရာပံ့ပိုးမှုနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုတို့ ဟန်ချက်ညီရန် လိုအပ်ပါသည်။

အာဆီယံနှင့် ဒေသတွင်း ယဉ်ကျေးမှုဖလှယ်ခြင်း

အာဆီယံနိုင်ငံများကြားတွင်လည်း မြန်မာ့သနပ်ခါးကို ယဉ်ကျေးမှုသင်္ကေတတစ်ခုအဖြစ် မိတ်ဆက်ခြင်းဖြင့် ဒေသတွင်း ချစ်ကြည်ရင်းနှီးမှုကို ခိုင်မာစေပြီး မြန်မာ့ပုံရိပ်ကို မြှင့်တင်နိုင်မည် ဖြစ်ပါသည်။

မျိုးရိုးဗီဇထိန်းသိမ်းခြင်း

အရည်အသွေးကောင်းမွန်သော သနပ်ခါးမျိုးစေ့များကို ထိန်းသိမ်းခြင်းနှင့် မျိုးပွားခြင်း နည်းပညာများကို အသုံးပြုကာ မြန်မာ့မြေတွင်သာ ရရှိနိုင်သော ထူးခြားသည့် မျိုးစိတ်များ မပျောက်ပျက်အောင် ကာကွယ်ရမည် ဖြစ်ပါသည်။

ဒစ်ဂျစ်တယ်နည်းပညာဖြင့် ကမ္ဘာသို့ ချပြခြင်း

Social Media နှင့် Digital Marketing နည်းလမ်းများကို အသုံးပြုကာ မြန်မာ့သနပ်ခါး၏ အလှတရားနှင့် အသုံးဝင်ပုံများကို ကမ္ဘာအနှံ့ သိရှိအောင် ဝါဒဖြန့်ချိခြင်းသည် နိုင်ငံတကာ Trademark ဖြစ်စေရန် အရေးကြီးသော လုပ်ဆောင်ချက် ဖြစ်ပါသည်။

နိုင်ငံတော်၏ ဂုဏ်သိက္ခာနှင့် သနပ်ခါး

သနပ်ခါးသည် မြန်မာ့မြေမှ ပေါက်ပွားသော မြန်မာ့ရတနာဖြစ်သည့်အတွက် ယင်းကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် မိမိတို့၏အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သကဲ့သို့ နိုင်ငံတော်၏ ဂုဏ်သိက္ခာကို မြှင့်တင်ခြင်းလည်း ဖြစ်ပါသည်။

ဆိုရပါလျှင် မြန်မာ့သနပ်ခါးသည် သာမန် သစ်သားတုံးလေးတစ်တုံးမဟုတ်ဘဲ မြန်မာတို့၏ နှစ်ပေါင်းထောင်ချီသော သမိုင်းကြောင်း၊ ယဉ်ကျေးမှုနှင့် စိတ်ဓာတ်ခွန်အားများ ကိန်းအောင်းနေသည့် အရာ ဖြစ်ပါသည်။ ယူနက်စကို၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် အသိအမှတ်ပြုခံရခြင်းသည် အဆုံးသတ်မဟုတ်ဘဲ မြန်မာ့သနပ်ခါးကို ကမ္ဘာ့အဆင့်မီအမှတ်တံဆိပ်တစ်ခုအဖြစ် ရှေ့ရည်ရပ်တည်နိုင်စေရန် စတင်သည့်ခြေလှမ်းသစ်သာ ဖြစ်ပါသည်။ မြန်မာလူမျိုးအားလုံးသည် မိမိတို့၏ အဖိုးတန်ရတနာဖြစ်သော သနပ်ခါးယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထားလျက်၊ မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းကာ ကမ္ဘာ့အလယ်တွင် “မြန်မာဆိုလျှင် သနပ်ခါး၊ သနပ်ခါးဆိုလျှင် မြန်မာ” ဟူသည့် ဂုဏ်ရည်ကို ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားကြရမည် ဖြစ်ပါကြောင်း လေးနက်စွာ တိုက်တွန်းရေးသားအပ်ပါသည်။ ။

- မြန်မာနိုင်ငံသို့ လာရောက်သော နိုင်ငံခြားသားများ သနပ်ခါးအကြောင်းလေ့လာနိုင်ရန် သနပ်ခါးပြတိုက်များ၊ သနပ်ခါးစိုက်ခင်းများကို ခရီးသွားနေရာများအဖြစ် ဖော်ဆောင်ခြင်းဖြင့် ဒေသတွင်း ခရီးသွားလုပ်ငန်းကို မြှင့်တင်နိုင်မည် ဖြစ်ပါသည်
- အရည်အသွေး ကောင်းမွန်သော သနပ်ခါးမျိုးစေ့များကို ထိန်းသိမ်းခြင်းနှင့် မျိုးပွားခြင်းနည်းပညာများကို အသုံးပြုကာ မြန်မာ့မြေတွင်သာ ရရှိနိုင်သော ထူးခြားသည့် မျိုးစိတ်များ မပျောက်ပျက်အောင် ကာကွယ်ရမည် ဖြစ်ပါသည်

တောင်ငူမြို့ ရွှေဟောင်းသမိုင်းဝင် မြတ်စောညီနောင်စေတီတော်မြတ်ကြီး နောင်တော်စေတီတော် စိန်ဖူးတော်သစ်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် တင်လှူပွဲကျင်းပ

တောင်ငူ မတ် ၃၀

မန္တလေး မြေငလျင်ကြီးကြောင့် ထိခိုက်ယိုယွင်းခဲ့သည့် တောင်ငူမြို့နယ် မြတ်စောညီနောင်စေတီတော်မြတ်ကြီး၊ နောင်တော်စေတီတော် စိန်ဖူးတော်သစ်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်၊ ငှက်ပျောဖူးတော်တို့အား ရွှေဝင်ရွှေပြား ဆက်ကပ်လှူဒါန်း ပူဇော်ခြင်း မင်္ဂလာနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက နောင်တော်စေတီတော်မြတ်ကြီး ရင်ပြင်တော်၌ ကျင်းပသည်။

ဆက်ကပ်လှူဒါန်း

ဦးစွာ အခမ်းအနားအား နမော်တဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး သံဃာတော် အရှင်မြတ်များက နတ်၊ ဗြဟ္မာများအား ပင့်ဖိတ်သည်။ ထို့နောက် နောင်တော်စေတီတော်မြတ်ကြီး ပြန်လည်ပြုပြင်တည်ဆောက်ခြင်း၊ စိန်ဖူးတော်သစ်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်၊ ငှက်ပျောဖူးတော်တို့အား ရွှေဝင်ရွှေပြား ဆက်ကပ်လှူဒါန်း ပူဇော်နိုင်ရေးနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပွဲ ကျင်းပနိုင်ရေးအတွက် အလှူတော်ငွေကျပ် သိန်းပေါင်း ၈၀၀၀ ကျော် လှူဒါန်းပေးသော အလှူဒါယကာ CB Bank ဥက္ကဋ္ဌ ဦးခင်မောင်အေး – ဇနီး ဒေါ်ဝတ်ရည်အေး မိသားစုနှင့် ဧည့်ပရိသတ်များက သီတင်္ဂ ဆရာတော်ကြီးနှင့် သံဃာတော် အရှင်မြတ်များထံမှ ကိုးပါး သီလ ခံယူဆောက်တည်ပြီး မေတ္တာသုတ် ပရိတ်တရားတော်ကို နာယူကြည်ညိုကြကာ လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်အပ်ချုည်များကို ယူဆောင်၍ စေတီတော်ရင်ပြင်တွင် ပဂံဖျန်းချည်နှောင်ပြီး ဆရာတော် အရှင်မြတ်များထံ စိန်ဖူးတော်သစ်နှင့် ငှက်မြတ်နားတော်၊ ရွှေထီးတော်များကို ယာယီစံကျောင်းမှ ပန်းရထားဖြင့် ပင့်ဆောင်မည့် မင်္ဂလာမဏ္ဍပ်သို့ စေတီတော်ကို လက်ယာရစ် တစ်ပတ်ပတ်ပြီး ပင့်ဆောင်သည်။

ထို့နောက် အလှူရှင်များက သတ်မှတ်နေရာ အသီးသီးတွင် နေရာယူ၍ ထီးတော်၊ ဘုံအဆင့်များ၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်သစ်တို့ကို ပန်းရထားဖြင့် အစီအစဉ်အတိုင်း တင်လှူပူဇော်ပြီး ဆရာတော်အရှင်မြတ်များက ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကာ နတ်၊ ဗြဟ္မာတို့အား ပြန်လည်ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ဇော်ကိုကို(တောင်ငူ)

ရွှေကျင်မြို့၌ ပါဠိပထမပြန်စာမေးပွဲ စာဖြေသံယာတော်များအား ဆွမ်းနှင့် အာဟာရဒါနများ ဆက်ကပ်လှူဒါန်း

ရွှေကျင် မတ် ၃၀

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ပျဉ်းမပင်ရပ်ကွက် လေးထပ်ဘုန်းတော်ကြီးကျောင်းတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ သာသနာတော်သန့်ရှင်းရေး တည်တံ့ပြန့်ပွားရေး၏အခြေခံမူရင်းဖြစ်သော ပရိယတ္တိသာသနာတော်ထွန်းကားပြန့်ပွားစေရန် ပါဠိပထမပြန် (ကြီး၊ လတ်၊ ငယ်၊ မူ)တန်း စာမေးပွဲကို နှစ်စဉ်ကျင်းပလျက်ရှိရာ ရွှေကျင်မြို့နယ်တွင် မတ် ၃၀ ရက် မွန်းတည့် ၁၂ နာရီမှစတင်၍ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပလျက်ရှိသည်။

အဆိုပါစာမေးပွဲတွင် ပထမကြီးတန်း ခုနစ်ပါး၊ ပထမလတ်တန်း ၁၅ ပါး၊ ပထမငယ်တန်း ၂၉ ပါး၊ အခြေပြုမူလတန်း ၂၉ ပါး စုစုပေါင်း အပါး ၈၀ ဖြေဆိုလျက်ရှိကြသည်။

စာမေးပွဲဖြေဆိုကြမည့် စာဖြေသံယာတော်များအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျာဟိန်းနှင့် ဝန်ထမ်းများက နေ့ဆွမ်းနှင့် အချိုရည်များ ဆက်ကပ်လှူဒါန်းပြီး စာဖြေသံယာတော်များ စာမေးပွဲဖြေဆိုရာတွင် လွယ်ကူစေရန်အတွက် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထွန်းထွန်းဇော်(ပြန်/ဆက်)

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် မတ် ၃၀

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

တာမွေမြို့နယ်၌ ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံ မှတ်ပုံတင်စနစ်ဆိုင်ရာ အသိပညာပေးဟောပြော

ရန်ကုန် မတ် ၃၀

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံမှတ်ပုံတင်စနစ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့မွန်းလွဲပိုင်းက တာမွေမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။ (ဝဲပုံ)

အဆိုပါဟောပြောပွဲတွင် တာမွေမြို့နယ် အခွန်ဦးစီးဌာနမှူး ဒေါ်စပယ်အောင်က ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံမှတ်ပုံတင်စနစ်(CEIR) ဆိုင်ရာနှင့်ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုသိရှိနိုင်ရေး အသေးစိတ် အသိပညာပေးရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

အောင်ကျော်မိုး

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၃၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၊ ၀၉-၃၄၉၀၁၄၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၊ ၀၅၈-၂၀၂၄၅၃၃
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၃၉၃၉၊ ၀၅၂-၂၂၀၃၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၄၄၅၀၊ ၀၈၁-၂၁၄၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၅၆၃၊ ၀၄၂-၂၀၂၅၅၆၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

နေပြည်တော်အတွင်း ယင်လုံအိမ်သာရာနှုန်းပြည့်ဆောက်လုပ်သုံးစွဲရေး အသိပညာပေးဆွေးနွေး

နေပြည်တော် မတ် ၃၀

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ယင်လုံအိမ်သာ ရာနှုန်းပြည့်ဆောက်လုပ်သုံးစွဲရေး အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပရာ ဆွေးနွေးပွဲသို့ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုး၊ နေပြည်တော်ကောင်စီဝင်များဖြစ်သည့် ဦးဇေယျာလင်း၊ ဦးမြင့်စိုး၊ ဦးဟန်သူနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးက ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားရာသည့် အကြောင်းအရင်းတစ်ခုတွင် ယင်မှတစ်ဆင့် ဝမ်းနှင့် ပတ်သက်သည့်ရောဂါများ ကူးစက်ပြန့်ပွားနိုင်ပြီး အသက်သေဆုံးသည်အထိ အန္တရာယ်ဖြစ်စေနိုင်သည့်အတွက် ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲရေးသည် အရေးကြီးသည့်လုပ်ငန်းတစ်ခု ဖြစ်ပါကြောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်သည် Clean City, Green City, Smart City မြို့တော်အဖြစ်ဆောင်ရွက်နေသည့်အလျောက် ယင်လုံအိမ်သာ ရာခိုင်နှုန်းပြည့် ဆောက်လုပ်သုံးစွဲရေးအတွက် အားဖြည့်ဆောင်ရွက်ရန်ရည်ရွယ်၍ ပြည်သူများ၏ ကျန်းမာရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် လုပ်ဆောင်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆွေဇင်ဝင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီနယ်မြေအတွင်း ယင်လုံအိမ်သာရာနှုန်းပြည့် သုံးစွဲနိုင်ရေးနှင့်စပ်လျဉ်း၍ အသိပညာပေးဆွေးနွေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် တက်ရောက်လာသူများက နေပြည်တော်ကောင်စီနယ်မြေအတွင်း ယင်လုံအိမ်သာ ရာနှုန်းပြည့် ဆောက်လုပ်သုံးစွဲနိုင်ရေး အသိပညာပေးဆွေးနွေးပွဲ နံရံကပ်ပြဘုတ်များ၊ ယင်လုံအိမ်သာသုံးပစ္စည်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

အောင်သူရဦး(ဒဂုံဇာ)

မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်

ကြိုပင်ကောက် မတ် ၃၀

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြိုပင်ကောက်မြို့၌ ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဗဟိုမဏ္ဍပ်ဆောက်လုပ်ခြင်း၊ လမ်းလျှောက်သင်္ကြန်ဆင်နွှဲရန် ကြိုတင်ပြင်ဆင်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ရန်ကုန်ပြည်ကားလမ်းတွင် ဗဟိုမဏ္ဍပ်၊ ရေကစားမဏ္ဍပ်၊ ဧည့်ခံကြိုဆိုရေးမဏ္ဍပ် တည်ဆောက်ရေးလုပ်ငန်းများကို တာဝန်ရှိသူများ၏ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိပြီး လမ်းလျှောက် သင်္ကြန်အတွက် မင်းရဲကျော်စွာလမ်းတွင် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း ဗဟိုမဏ္ဍပ်၌ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ သင်္ကြန်ယိမ်းအဖွဲ့ခြောက်ဖွဲ့၊ ခေတ်ပေါ်တေးဂီတအဖွဲ့တီးပိုင်းများ၊ နေ့စဉ်စတုဒိသာကျွေးမွေးရေး အစီအစဉ်များဖြင့် ဧည့်ခံဖျော်ဖြေ သွားမည်ဖြစ်သည်။

မြို့ပေါ်ရပ်ကွက်များနှင့် ဌာနဆိုင်ရာ ယိမ်းအဖွဲ့များက သက်ဆိုင်ရာ ရပ်ကွက်/ဌာနများ၌ အဖွဲ့လိုက် ယိမ်းအကတိုက်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ဓေယျာထွန်း (ကြိုပင်ကောက်)

ပခုက္ကူမြို့၌ နွေရာသီအားကစားသင်တန်းများ သင်တန်းဆင်းပွဲကျင်းပ

ပခုက္ကူ မတ် ၃၀

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်၌ ဖွင့်လှစ်ခဲ့သော နွေရာသီအားကစားနည်းများသင်တန်းဆင်းပွဲကို ယမန်နေ့က ခရိုင်အားကစားကွင်းအတွင်း ရှိ မိုးလုံလေလုံအားကစားရုံခန်းမ၌ ကျင်းပသည်။

ဦးစွာ ပခုက္ကူခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်က သင်တန်းဖွင့်လှစ်ရသည့်ရည်ရွယ်ချက်များနှင့် နွေရာသီအားကစားနည်းများအလိုက် သင်တန်းသား သင်တန်းသူများ ရရှိမည့် အကျိုးကျေးဇူးများအကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၃၃၀ တက်ရောက်ခဲ့ပြီး ဘောလုံး၊ ဘော်လီဘော၊ ဖူဆယ်၊ ပိုက်ကျော်ခြင်း၊ ပူဇျော်း၊ ကရာတေး၊ တိုက်ကွမ်ဒို၊ ဘိလိယက်၊ စနူကာ၊ ကြက်တောင်၊ Ground တင်းနစ်၊ Table တင်းနစ်စသည့် အားကစားနည်းများကို မတ် ၃ ရက်မှ ၂၉ ရက်အထိ စနစ်တကျသင်ကြားလေ့ကျင့်ပေးခဲ့ခြင်းဖြစ်ပြီး အားကစားနည်းအလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

ထန်းတပင်မြို့နယ်၌ အခြေခံပုဒ္ဓဘာသာယဉ်ကျေးလိမ္မာ သင်တန်းဆင်းပွဲကျင်းပ

ထန်းတပင် မတ် ၃၀

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲကို ယနေ့ နံနက် ၉ နာရီက အခြေခံပညာမူလတန်းလွန် သခင်မြစာသင်ကျောင်း၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထိုက်အောင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး ဒုတိယမြို့နယ်ပညာရေးမှူး(စီမံ/ဘဏ္ဍာ)နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခိုင်စန္ဒာထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များက အခြေခံပုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်း တက်ရောက်ကြသော ကျောင်းသား ကျောင်းသူများအား သင်တန်းဆင်း ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် အခြေခံပုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်း တက်ရောက်ကြသော ကျောင်းသား ကျောင်းသူများအား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များက အာဟာရဖြည့် ပဲနို့နှင့်ပေါင်မုန့်ထုပ်များ ဝေငှပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပုဗ္ဗသီရိမြို့နယ်၌ သဘာဝဘေးအန္တရာယ် အသိပညာပေးဟောပြောခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်းများ ဆောင်ရွက်

နေပြည်တော် မတ် ၃၀

သဘာဝဘေးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောခြင်းနှင့် ငလျင်ဘေးအန္တရာယ် သရုပ်ပြလေ့ကျင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ အဝါရောင်မျိုးဆက်သစ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း(YGW)၌ ကျင်းပသည်။

ဦးစွာ နေပြည်တော်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးလိဖရန့်က သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်ပြီး ဆောင်ရန်၊ ရှောင်ရန် အချက်များ၊ ငလျင်မလှုပ်မီ ကြိုတင်ကာကွယ်ရန် နည်းလမ်းများကိုလည်းကောင်း၊ ခရိုင်ဦးစီးမှူး ဦးဇော်မိုးလွင်က ငလျင်၏ သဘောသဘာဝနှင့် လျင်ဘေးအန္တရာယ်၊ ငလျင်အဆင့် သတ်မှတ်ချက်များနှင့် မြန်မာနိုင်ငံတွင် ကြုံတွေ့ခဲ့ရသော ပြင်းအားငလျင်များအကြောင်းကို လည်းကောင်း၊ ပုဗ္ဗသီရိမြို့နယ် မီးသတ်ဦးစီးမှူး ဦးညီညီဝင်းက မီးဘေးအန္တရာယ်အကြောင်းနှင့် မီးသတ်ဆေးဘူးကိုင်တွယ်အသုံးပြု စစ်ဆေးပုံ အကြောင်းကို လည်းကောင်း ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် အဝါရောင်မျိုးဆက်သစ်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း (YGW) မှ ဦးဆောင်ဆရာတော် အရှင်ပညာသီရိက ကျေးဇူးတင်ဩဝါဒစကား ပြောကြားကာ ငလျင်ဘေး အန္တရာယ် သရုပ်ပြလေ့ကျင့်ခြင်း၊ လူနာသယ်ဆောင်ခြင်း၊ ကယ်ထုတ်ခြင်း လုပ်ငန်းစဉ်နှင့် မီးငြိမ်းသတ်ခြင်းများကို ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက လက်တွေ့သရုပ်ပြ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အောင်ကို(ပုဗ္ဗသီရိ)

ရေချွေတာရေးနည်းလမ်းများ

- ❄ ယာဉ်များဆေးကြော်လျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြော်ပါ။
- ❄ ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။
- ❄ အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။
- ❄ အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။
- ❄ ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။

တောင်ငူမြို့၌ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

တောင်ငူ မတ် ၃၀

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ဗဟိုမဏ္ဍပ်၌ ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို လမ်းလျှောက်သင်္ကြန်၊ စတုဒိသာအလှူများ၊ ယိမ်းအဖွဲ့များ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ DJ နှင့် နာမည်ကြီး အဆိုတော်များဖြင့် ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

တောင်ငူမြို့၌ မန္တလေးမြေလျင်ကြီးကြောင့် ၁၃၈၆ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို အေးသင်္ကြန်အဖြစ် ဆင်နွှဲခဲ့ပြီး ယခုနှစ်တွင် ယိမ်းအဖွဲ့ ၁၃ ဖွဲ့ဖြင့် ဖျော်ဖြေတင်ဆက်နိုင်ရေး သင်္ကြန်တေးသီချင်းများဖြင့် သီဆိုကပြရန် ရပ်ကွက်ကျေးရွာအုပ်စုများ၌ ကြိုတင် လေ့ကျင့်လျက်ရှိသည်။ အကယိမ်းဖွဲ့များကို သင်္ကြန်ဝတ်စုံများ စီစဉ် ဆောင်ရွက်ပေးထားပြီး ဖျော်ဖြေရေးအစီအစဉ်များတွင် DJ နှင့် ဒေသခံ အဆိုတော်များအပြင် နိုင်ငံကျော်အဆိုတော်များ ဖျော်ဖြေကြမည်ဖြစ်သည်။ လမ်းလျှောက်သင်္ကြန်ပွဲတော်တွင် ရေရရှိရေး၊ ရေလာရောက် ကစားမည့်သူများ အဆင်ပြေချောမွေ့စေရေးနှင့် အလှူရှင်များက

၂၀၂၃ ခုနှစ် မဟာသင်္ကြန်ပွဲတော် ကျင်းပနေသည့် မြင်ကွင်း။

စတုဒိသာအလှူများဖြင့် ကျွေးမွေးနိုင်ရေး ကြိုတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း တောင်ငူမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဉာဏ်လင်းအောင်ထံမှ သိရသည်။

ဓော်ကိုကို (တောင်ငူ)

နတ်တလင်းမြို့နယ်၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

နတ်တလင်း မတ် ၃၀

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်၌ မြန်မာသက္ကရာဇ် ၁၃၈၇-၁၃၈၈ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ကြောင်း မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်ဦးထံမှ သိရသည်။

မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ယိမ်းအကများကို ဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက်များရှိ ယိမ်းအဖွဲ့အသီးသီးမှ သက်ဆိုင်ရာ နေရာများတွင် လေ့ကျင့်ဆောင်ရွက်လျက်ရှိပြီး မြန်မာ့ရိုးရာ မဟာသင်္ကြန် ဗဟိုမဏ္ဍပ်ကို ဇီးကုန်းကလေးရပ်ကွက် ရန်ကုန်-ပြည် ကားလမ်းဘေးရှိ သကျ မဟာမြတ်မုနိဘုရားကြီး ရှေ့တွင် ဆောက်လုပ်သွားမည် ဖြစ်သည်။ လမ်းလျှောက်သင်္ကြန်ကို သာဇီ ရပ်ကွက် ရန်ကုန်-ပြည်ကားလမ်း ဘေးရှိ We Love Nattalinပန်းခြံ အတွင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဝေယံဖြိုး(ပြန်/ဆက်)**

သရက်မြို့နယ်၌ အားကစားသင်တန်းများဖွင့်လှစ် သင်ကြားပေးလျက်ရှိ

သရက် မတ် ၃၀

မကွေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန သရက်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ပံ့ပိုးကူညီမှုတို့ဖြင့် ခရိုင်/မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဘောလုံးနှင့် ဖူဆယ်အားကစား သင်တန်းများကို ခရိုင်အားကစား ကွင်း၌လည်းကောင်း၊ မြန်မာ့ သိုင်း အားကစားနည်း သင်တန်းကို တေဇခန်းမ (မိုးလုံလေလုံ အားကစားခန်းမ)၌လည်းကောင်း မတ် ၂၁ ရက်မှစတင်ပြီး နေ့စဉ်

နံနက် ၇ နာရီမှ ၉ နာရီ အထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

နွေရာသီကျောင်းပိတ်ရက်တွင် လူငယ်များအချိန်ကို တန်ဖိုးရှိစွာ အသုံးချပြီး အရည်အချင်းမြင့်မားသည့် အားကစားသမားကောင်းများပေါ်ထွန်းလာစေရန်နှင့် ဗလ ငါးတန်နှင့်ပြည့်စုံပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်သော နိုင်ငံ့သားကောင်း လူငယ်များ ပေါ်ထွက်စေရန် အတွက် နွေရာသီကျောင်းပိတ်ရက်များ၌ နေ့စဉ် ကျောင်းသား ကျောင်းသူများအား အားကစား နည်းသုံးမျိုးကို ဖွင့်လှစ်သင်ကြား ပေးလျက်ရှိသည်။

အဆိုပါ သင်တန်းများတွင် ဘောလုံး ၇၀၊ ဖူဆယ် ၂၇ ဦး၊ မြန်မာ့သိုင်း ၃၀ စုစုပေါင်း ၁၂၇ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်းနှင့် သင်တန်းများကို ဧပြီ ၄ ရက်အထိ နေ့စဉ်သင်ကြားပေးမည်ဖြစ်သည်။

မောင်လှလင်(သရက်)

ဆင်ပေါင်ဝဲမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး နှိုးဆော်ခြင်းကို မတ် ၃၀ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်း၊ လက်ထောက်မီးသတ်ဦးစီးမှူးဦးချစ်ထွေးဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်ဖြင့် လိုက်လံအသိပေးဆောင်ရွက်စဉ်။ ခန့်ဝင်း(ဆင်ပေါင်ဝဲ)

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

တနိုင်းမြို့နယ် လူထုအခြေပြုဗဟိုဌာနခွဲ စာအုပ်ပြပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲကျင်းပ

တနိုင်း မတ် ၃၀

တနိုင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခွဲ စာအုပ်ပြပွဲနှင့်ဆေးရောင်ခြယ်ပြိုင်ပွဲကို ယနေ့ နံနက်၁၁ နာရီက ကျင်းပရာ စာအုပ်ပြပွဲတွင် ကျောင်းသား ကျောင်းသူများ စိတ်ဝင်စားသည့် ရုပ်ပြစာအုပ်များခင်းကျင်းပြသပြီး ဆေးရောင်ခြယ်ပြိုင်ပွဲတွင် လက်ထောက်မူပြ ဆရာ ဦးကောင်းထက်လွင်က ဆေးရောင်ခြယ်ခြင်းနှင့်ပတ်သက်၍ စည်းကမ်းချက်များ ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူ ၂၁ ဦး ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

ဒု၁-၉-၂၀၂၆ အင်္ဂါနေ့

MRTV HD

06:00 အမျှမျှတတသီခင်များ
(ယေဘုယျသတင်းရေးရာသုတ်တော်များ)
07:00 နံနက်သတင်း
08:00 အမျိုးသမီးဘဝထိန်းသိမ်းကာကွယ်ရန်ဥပဒေ
အသက်မွေးပညာသင်ကြားပေး
09:00 ထူးခြားဆုံးသော အာရုပဆိတ်အစီအရာ
09:30 ခွင့်ရာသက်အားကစားပြိုင်ပွဲ
09:59 Sports Diary
10:00 သတင်းထိုးသတင်း
11:00 ဒေသဆိုင်ရာအဆိုအကများ
11:59 "နေ့စဉ်သန်းခေါင်ဘွဲ့"
RAZOR (Biodegradable Plastic)
12:59 မြန်မာစာတော်လမ်းဘွဲ့ "ချစ်စိတ်တို့နှောင်ဖွဲ့"
(အပိုင်း-၁၀)
13:00 MRTV National News
13:30 မိုးလုံကုတင်ပေးဆိုကရေးဝိုင်းအပေါ့

mitv

07:02 Evergreen Classic; Hsu Myat Khay Mar (Tekkatho Lei Lei)
07:09 Shwezigon Pagoda
07:39 The Lapidarist
08:01 News
08:26 Topics Potpourri; Royal Gold Rush; Welsh Mine Reawakens as Prices Soar
08:32 The Promising Aquarium Fish Farming in Myanmar
09:01 Topical Topics; Coconut Products
09:10 Let's Explore Organic Farming
10:01 News
10:26 Lifestyle & Entertainment (Weekly Updates)
10:36 Inside Myanmar; Pride of Myanmar Products & Global Connnection Business Forum

MRTV NRC

အင်္ဂနေကျိုင်းကရင် (၀၆:၀၀ မှ ၀၇:၀၀)
ထီးလာပုံတံ
အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)
ဂုက်ငပျာသီးနုန့်
ချင်း (ရိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)
ချင်း(ဇိုး)ထက်စားဆင်ယင်မှုများ(အပိုင်း-၂)
ချင်း (ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)
ချင်သိုးကဆိုင်
မွန် (၁၀:၀၀ မှ ၁၂:၀၀)
အပန်းဖြေကြမည်သဘာဝကျောက်ပန်းချီကမ်းခြေဆီ
ရခိုင် (၁၂:၀၀ မှ ၁၃:၀၀)
ရခိုင်ပိုးမာပုံပြင်(ငယ်သူ)

MRTV NEWS

06:00 အပွင့်ထေးသီချင်း
06:09 လွတ်လပ်ရေးရာသားကစား
07:00 ပြည်တွင်းသတင်း (LIVE)
07:30 နိုင်ငံတကာသတင်း (LIVE)
08:59 အသိပညာမှုန်အာမခံများ "ယနေ့ဒေတာရှင်းအင်းကွက်" အပိုင်း-၁
10:00 ပြည်တွင်းသတင်း (LIVE)
11:30 နိုင်ငံတကာသတင်း (LIVE)
12:00 MRTV National News
13:00 ပြည်တွင်းသတင်း (LIVE)
16:00 သတင်းမုန်းကဏ္ဍ (LIVE)
17:30 နိုင်ငံတကာသတင်း (LIVE)
18:59 Football Highlights
19:59 ပြည်သူအကျိုးပြုဝေဒနာလျှော့ဓစ်ဖိမ်းကိန်းများ စတင်လှုပ်ရှားနိုင်ရန်
20:59 Save Our Planet Program
21:00 ပြည်တွင်းသတင်း (LIVE)

MRTV

ပြည်တွင်းသတင်း (LIVE)
06:00 အပွင့်၊ နိုင်ငံတော်သီချင်း
06:30 တောင်သူလယ်သမားရေးရာသတင်းနှင့်မိုးလေဝသ
06:40 အနာဂတ်မျိုးဆက်မြန်မာစိုက်ပျိုးရေးသည်ကောင်းသူများဝင်ရောက်ဖျာရောင်းဆို့
07:20 အသားတိုးကြက်မွေးမြူရေးသည်ကောင်းသူများဝင်ရောက်ပြည်သူများဝင်ရောက်ဖျာရောင်းဆို့
08:00 လယ်ယာစီးပွားရေးလုပ်ငန်းရှင်အမြဲတြိုးစားမို့ ဝိုက်ပျိုးရေးသိပ္ပံကျောင်းကိုဖွေးချယ်နို့
09:00 ပြည်တွင်းထုတ်ကုန် ကုန်းမှုအားသင့်စားဆေးဒါးတို့ဆွဲခြင်းလုပ်ငန်း
10:00 သမ္မတဖွဲ့ချုပ်တင်မြောက်ရေးအဖွဲ့တွင်းပါဝင်သော ဝေဒကောက်ဝဲ အမျိုးသားလွှတ်တော်
ကိုယ်စားလှယ်များ၊ ဒေသအဖွဲ့အစည်းအဝေး (ဒုတိယနေ့) တိုက်ရိုက်ထုတ်လွှင့်မှု (Live)
16:00 ဓာတ်ပြုခြင်း (အပိုင်း-၅+၆) (တနင်္ဂနွေတာလမ်းဘွဲ့)

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို
ဇူလိုင် (၅၊ ၁၂၊ ၁၉၊ ၂၆)
အင်္ဂါနေ့ (၇၊ ၁၄)
(ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်ကျောင်းသားများ)

သရက်ချောင်းမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် အပြစ်မဲ့ အရပ်သားပြည်သူတစ်ဦးထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် မတ် ၃၀

အကြမ်းဖက်သမားများသည် အေးချမ်းစွာနေထိုင်လျက်ရှိသော ပြည်သူများ ထိခိုက်ဒဏ်ရာရရှိစေရန်နှင့် အကြောက်တရားများလွှမ်းမိုးစေရန် ရည်ရွယ်ချက်များဖြင့် ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ရပ်ကွက်/ကျေးရွာများ အတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များ၊ ရော့ဂျ်တိုက်ဒုံးများ၊ Drone ဖြင့် Drop Bomb များ ပစ်ချတိုက်ခိုက်ခြင်းများအား ဆင်ခြင်တုံတရားကင်းမဲ့စွာ ပြုလုပ်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ၂၀၂၆ ခုနှစ် မတ် ၂၉ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ပြည်သူ့ဆေးရုံ၌ ဗုံးသီးပေါက်ကွဲစထိမှန်ဒဏ်ရာဖြင့် အမျိုးသမီးတစ်ဦးရောက်ရှိနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေး၍ ဖြစ်စဉ်အားစိစစ်ခဲ့ရာ နံနက် ၇ နာရီခွဲတွင် သရက်ချောင်းမြို့နယ် စုစင်ကျေးရွာနေ ဒေါ်ခင်မာချို (၄၅)နှစ်သည် ၎င်း၏နေအိမ်၌ ရှိနေစဉ် နေအိမ်ခြံဝင်းအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က အများပြည်သူထိခိုက်ဒဏ်ရာရရှိစေရန် ရည်ရွယ်၍ ပစ်ခတ်လိုက်သည့် လက်နက်ကြီးဗုံးသီးတစ်လုံး ကျရောက်ပေါက်ကွဲခဲ့မှုကြောင့် ၎င်းတွင် ထိခိုက်ဒဏ်ရာများရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် အပြစ်မဲ့ အရပ်သားပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိမှု မှတ်တမ်းတင်ပုံ။

ထိုသို့ အပြစ်မဲ့ အရပ်သားပြည်သူများ အေးချမ်းစွာ နေထိုင်လျက်ရှိသော ရပ်ကွက်/ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်၊ ရော့ဂျ်တိုက်ဒုံးများ၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများကို ဆင်ခြင်တုံတရားကင်းမဲ့စွာ ပြုလုပ်နေမှုများအား ဒေသခံပြည်သူများက လုံးဝလက်ခံခဲ့ကြောင်း၊ ဆန့်ကျင်ကန့်ကွက်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော လုံခြုံရေးလုပ်ငန်းများကို ပြည်သူလူထုနှင့်ပူးပေါင်းကာ တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည်ကြီးတံခွန်မြို့နယ်၌ ငွေကျပ် ၄၇၂ ဒသမ ၄ သိန်းတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများနှင့် သာစည်မြို့နယ်၌ ငွေကျပ် ၂၀၀ ဒသမ ၇ သိန်း တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၃၀

ပြည်ကြီးတံခွန်မြို့နယ်၌ ငွေကျပ် ၄၇၂ ဒသမ ၄ သိန်းတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများနှင့် သာစည်မြို့နယ်၌ ငွေကျပ် ၂၀၀ ဒသမ ၇ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၈ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ပြည်ကြီးတံခွန်မြို့နယ် (၇)ရပ်ကွက် ၆၂ လမ်း၊ ၁၁၈ x ၁၁၉ လမ်းကြားတွင် ပြည်ကြီးတံခွန်မြို့နယ် တောင်မြင့်ရပ်ကွက်နေ မြင့်နိုင်ဦး(ခ) ကိုရဲ (၃၆)နှစ် မောင်းနှင်လာသော ADIXIN အမျိုးအစား မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာမွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၁၂၀) ဖမ်းဆီးရမိသည်။

တရားခံ မြင့်နိုင်ဦး(ခ)ကိုရဲ အား ဖမ်းဆီးရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

တရားခံ မမြင့်မြင့်ထွေးနှင့် မစုစုဝင်းတို့အား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ မွန်းလွဲ ၃ နာရီတွင် မြင့်နိုင်ဦး(ခ)ကိုရဲ နေထိုင်သည့် ပြည်ကြီးတံခွန်မြို့နယ် တောင်မြင့်ရပ်ကွက်ရှိနေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၂၀၀)၊ စိတ်ကြွရူးသွပ်ဆေးပြား အကြေ တစ်ကီလို (ဆေးပြား တစ်ကီလိုလျှင် ငွေကျပ်သိန်း ၁၅၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၁၅၀) နှင့် အိုက်စ်(မက်သ်အဖက်တမင်း) ရှစ်ဂရမ် (တစ်ဂရမ်လျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၂ ဒသမ ၄ သိန်း) တို့ကို ထပ်မံဖမ်းဆီးရမိသဖြင့် မြင့်နိုင်ဦး(ခ) ကိုရဲအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

ထို့အတူ မတ် ၂၈ ရက် ည ၁၁ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအနီးတွင် တောင်ကြီးမှ မန္တလေးသို့ မောင်းနှင်လာသည့် JINDEI အမျိုးအစား ခရီးသည်တင်မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရာမွေရာ ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ခရီးသည် ကျွန်းလှမြို့နယ် ရေရှင်းကျေးရွာနေ မဖြင့်မြင့်ထွေး(၂၆) နှစ်၊ ပျော်ဘွယ်မြို့နယ် ရှမ်းပွဲရပ်ကွက်နေ မစုစုဝင်း(၄၅)နှစ်တို့နှစ်ဦး သယ်ဆောင်လာသော စိတ်ကြွရူးသွပ်ဆေးပြား ၁၁၇၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၇၅ ဒသမ ၅ သိန်း)၊ ဘိန်းစိမ်း ၂ ဒသမ ၈ ကီလို (တစ်ကီလိုလျှင် ငွေကျပ် ၉ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၅ ဒသမ ၂ သိန်း) တို့ကို ဖမ်းဆီးရမိသဖြင့် မမြင့်မြင့်ထွေးနှင့် မစုစုဝင်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

မြင်းခြံနှင့် နောင်ချိုမြို့နယ်တို့၌ လက်နက်ကိုင် အကြမ်းဖက်အဖွဲ့များထောင်ထားသည့် မိုင်းများ ပေါက်ကွဲမှုကြောင့် သာသနာ့အနွယ်ဝင် သံဃာတော်တစ်ပါးအပါအဝင် အပြစ်မဲ့ အရပ်သား ပြည်သူအချို့သေဆုံး/ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် မတ် ၃၀

အစွန်းရောက်အကြမ်းဖက်သမားများသည် အေးချမ်းစွာနေထိုင်လျက်ရှိသော ပြည်သူများနှင့် တရားဥပဒေစိုးမိုးရေးအတွက် ပိုင်းဝန်းဆောင်ရွက်နေသော အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအား ထိခိုက်ဒဏ်ရာရရှိစေရန် ရည်ရွယ်ချက်များဖြင့် အကြမ်းဖက်ဖောက်ခွဲရေး လုပ်ရပ်များအား ငွေကြေးထောက်ပံ့ကာ နောက်ကွယ်မှ သွေးထိုးမြှောက်ပင့်လှုံ့ဆော်မှုများဖြင့် အများပြည်သူသွားလာအသုံးပြုသော လမ်းမကြီးများ၊ ရထားလမ်းများ၊ ဌာနဆိုင်ရာ ရုံးအဆောက်အအုံများနှင့် လူနေအိမ်များအား ဖောက်ခွဲရေးပစ္စည်းကိရိယာများအသုံးပြု၍ မိုင်းထောင်ဖောက်ခွဲခြင်း၊ အဝေးမှပစ်ခတ်ဖောက်ခွဲခြင်းများကို ပြုလုပ်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ၂၀၂၆ ခုနှစ် မတ် ၂၉ ရက် နေ့လယ် ၁၂ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်ပြည်သူ့ဆေးရုံ၌ မိုင်းပေါက်ကွဲစထိမှန်ဒဏ်ရာများဖြင့် သာသနာ့အနွယ်ဝင် သံဃာတော်တစ်ပါးနှင့် အမျိုးသားတစ်ဦးတို့ရောက်ရှိနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေး၍ ဖြစ်စဉ်အား စိစစ်ခဲ့ရာ နံနက် ၁၀ နာရီတွင် မြင်းခြံမြို့နယ် အမှတ်(၁၃)ရပ်ကွက်ရှိ "သာသနာ့ပါလ" ဘုန်းကြီးကျောင်းမှ ဆရာတော် ဥူးသီလာနန္ဒ (၃၅)နှစ် (၁၅)ဝါသည် အမှတ်(၁၃)ရပ်ကွက်နေ ဦးမျိုးမင်းဗိုလ်(၄၁)နှစ်နှင့်အတူ မြင်းခြံမြို့မှ မန္တလေးသို့ မော်တော်ယာဉ်တစ်စီးဖြင့် ထွက်ခွာလာစဉ် သက္ကယ်ကျင်းကျေးရွာနှင့် ညောင်ဝန်းကျေးရွာကြားအရောက် လမ်းဘေးမှ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ထောင်ထားသည့် မိုင်းတစ်လုံး ပေါက်ကွဲခဲ့မှုကြောင့် ၎င်းတို့နှစ်ဦးတွင် ထိခိုက်ဒဏ်ရာများရရှိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အလားတူ ညနေ ၆ နာရီ ၅၅ မိနစ်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်ပြည်သူ့ဆေးရုံ၌ မိုင်းပေါက်ကွဲစ ထိမှန်ဒဏ်ရာများဖြင့် သေဆုံးသူ အမျိုးသားတစ်ဦးနှင့် ဒဏ်ရာရရှိသူအမျိုးသမီးတို့ ရောက်ရှိနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေး၍ ဖြစ်စဉ်အား စိစစ်ခဲ့ရာ ညနေ ၅ နာရီခွဲတွင် နောင်ချိုမြို့နယ် ယာပြင်ကျေးရွာနေ ဦးဝင်းမြင့် (၅၈)နှစ်နှင့် ဒေါ်ကင်း(၇၇)နှစ်တို့သည် ၎င်းတို့၏ နေအိမ်တောင်ဘက်ရှိ ခြံဝင်းအတွင်း အမှိုက်များ ရှင်းလင်းနေစဉ် TNLA အကြမ်းဖက်အဖွဲ့ထောင်ထားသည့် မိုင်းတစ်လုံးအား ထိမိပေါက်ကွဲခဲ့မှုကြောင့် ဦးဝင်းမြင့်တွင် ထိခိုက်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး ဒေါ်ကင်းတွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်မှုကျူးလွန်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်၌ မိုင်းပေါက်ကွဲမှုကြောင့် သာသနာ့အနွယ်ဝင် သံဃာတော်တစ်ပါးနှင့် အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိမှု မှတ်တမ်းတင်ပုံ။

မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။

(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။

(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။

(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ် ထိုင်ခုံခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးဥက္ကဋ္ဌကြီးမှူဦးစီးဌာန

အပူဒဏ်အန္တရာယ် ကာကွယ်ရေး ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာများတွင် နားနေပါ။

ဖားကန့်မြို့နယ်၌ ၂၀၂၆ ခုနှစ် အစိုးရပါဋိဝပထမပြန်စာမေးပွဲ ကျင်းပ

ဖားကန့် မတ် ၃၀

ကချင်ပြည်နယ် ဖားကန့်မြို့နယ်၌ ၂၀၂၆ ခုနှစ် အစိုးရပါဋိဝပထမပြန်စာမေးပွဲကို မတ် ၂၉ ရက် မွန်းတည့် ၁၂ နာရီမှစတင်၍ ဖားကန့်မြို့ မော်ဝမ်းရပ်ကွက်ရှိ ကျောက်စိမ်းတွင်းသာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

အဆိုပါ အစိုးရပါဋိဝပထမပြန်စာမေးပွဲသို့ ရဟန်း ခုနစ်ပါး၊ သာမဏေ ၇၄ ပါးနှင့် သီလရှင် ၂၉ ပါး စုစုပေါင်း ဖြေဆိုသူ အပါး ၁၁၀၊ ပျက်ကွက် ၃၂ ပါး ဖြစ်ပြီး စာမေးပွဲတွင် ပထမကြိုးတန်း၊ ပထမလတ်တန်း၊ ပထမငယ်တန်းနှင့် အခြေပြုမူလတန်းတို့ကို မတ် ၂၉ ရက်မှ ဧပြီ ၄ ရက်အထိ ဖြေဆိုကြမည်ဖြစ်သည်။

၂၀၂၆ ခုနှစ် အစိုးရပါဋိဝပထမပြန်စာမေးပွဲ ကျင်းပရာတွင် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တကဝိသာရနှင့် စာမေးပွဲကြီးကြပ်ရေးအဖွဲ့ ဆရာတော်ကြီးများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများက စာမေးပွဲဖြေဆိုကြသည့် ရဟန်း၊ သာမဏေ၊ သီလရှင်များအဆင်ပြေချောမွေ့စွာ စာဖြေဆိုနိုင်ရေးအတွက် ကြီးကြပ်စောင့်ရှောက် ပေးခဲ့သည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက စာမေးပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် အလှူရှင်များက လှူဒါန်းသည့် အလှူငွေစုစုပေါင်း ၄၃ သိန်းကို လှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ဒိုက်ဦးမြို့နယ်၌ ပါဋိဝပထမပြန်စာမေးပွဲ ဒုတိယနေ့ ဖြေဆို

ဒိုက်ဦး မတ် ၃၀

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသော ၂၀၂၆ ခုနှစ် ပါဋိဝပထမပြန် (ကြီး၊ လတ်၊ ငယ်/မူ) တန်း စာမေးပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီက ဒိုက်ဦးမြို့ ဘုရားကြီးကျောင်း ဓမ္မာရုံ၌ စတင်ဖြေဆိုကြသည်။

အဆိုပါစာမေးပွဲတွင် ပထမကြိုးတန် ၁၅ ပါး၊ ပထမလတ်တန်း ၂၁ ပါး၊ ပထမငယ်တန်း ၄၉ ပါး၊ အခြေပြုမူလတန်း ၆၈ ပါး စုစုပေါင်း ၁၅၃ ပါး ဖြေဆိုကြသည်။ စာဖြေသံ့ဃာတော်များအား မြို့နယ်ကြီးကြပ်ရေးသံ့ဃာတော်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဆန်းဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သာသနာရေးဦးစီးဌာနဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ရပ်မရပ်ဖများက စာဖြေသံ့ဃာတော်များအား လိုအပ်သည်များကို ကြီးကြပ်ဆောင်ရွက်ပေးလျက် ရှိပြီး ၂၀၂၆ ခုနှစ် ပါဋိဝပထမပြန်စာမေးပွဲကို မတ် ၂၉ ရက်မှ ဧပြီ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

ပဲခူးမြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်အား လမ်းလျှောက်သင်္ကြန်နှင့် ယိမ်းအကပြိုင်ပွဲများဖြင့် စည်ကားစွာကျင်းပမည်

ပဲခူး မတ် ၃၀

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်အား လမ်းလျှောက်သင်္ကြန်၊ ဗဟိုမဏ္ဍပ်နှင့် ယိမ်းအကပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်း ကျင်းပရေးကော်မတီထံမှ သိရသည်။

ထိုသို့စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဆေးရုံလမ်း၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးရှေ့၌ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်နှင့် နန်းတော်ရာရပ်ကွက် ရေကစားမဏ္ဍပ်၊ လိပ်ပြာကန်ရပ်ကွက် (အလှပဝေးမဏ္ဍပ်)၊ ကျွန်းသာယာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့ ရေကစားမဏ္ဍပ်၊ မြို့သစ်(က)ရပ်ကွက် (တိုင်းဒေသကြီးလွှတ်တော် ရေကစားမဏ္ဍပ်)၊ ဥဿာမြို့သစ် (၆) ရပ်ကွက်၊ ဥဿာမြို့သစ်(၇) ရပ်ကွက်မဏ္ဍပ်တို့၏ ဆောက်လုပ်ရေးလုပ်ငန်းများကို တာဝန်ရှိသူများ၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိပြီး ဗဟိုမဏ္ဍပ်၌ ကျင်းပမည့် ယိမ်းအကပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ရပ်ကွက်ယိမ်းအကအဖွဲ့ ၁၂ ဖွဲ့၊ ဌာနဆိုင်ရာ ယိမ်းအကအဖွဲ့ ခုနစ်ဖွဲ့ စုစုပေါင်း ယိမ်းအကအဖွဲ့ ၁၉ ဖွဲ့မျှမှာ သက်ဆိုင်ရာရပ်ကွက်/ဌာနများ၌ အဖွဲ့လိုက် ယိမ်းအကတိုက်ခြင်းများ ဆောင်ရွက်လျက်ရှိကာ လမ်းလျှောက်သင်္ကြန်ကို ဗဟိုမဏ္ဍပ်မှ ပြည်သာယာလမ်း(၀ေ ၄၀၀)လမ်းအဝိုင်း ကျင်းပမည်ဖြစ်သည်။

ပဲခူးမြို့၏ မဟာသင်္ကြန်ရက်များအတွင်း ဗဟိုမဏ္ဍပ်၌ နေ့စဉ် နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် တေးဂီတဖျော်ဖြေရေးအစီအစဉ်များ၊ ဌာနဆိုင်ရာနှင့် မြို့ပေါ်ရပ်ကွက်များမှ ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များ၏ ကပြဖျော်ဖြေယှဉ်ပြိုင်မှုများ၊ စတုဒိသာညေ့ခံကျွေးမွေးရေး အစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကာ ရေကစားသူပြည်သူများ အနေဖြင့် ပဲခူးမြို့ဗဟိုမဏ္ဍပ်၊ ရေကစားမဏ္ဍပ်ခြောက်ခုနှင့်လမ်းလျှောက်သင်္ကြန်တို့၌ ပျော်ရွှင်စွာပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မုံရွာမြို့၌ လမ်းလျှောက်သင်္ကြန်၊ ရေကစားမဏ္ဍပ်များ၊ စတုဒိသာမဏ္ဍပ်များ၊ ဖျော်ဖြေပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

မုံရွာ မတ် ၃၀

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုနှင့်အတူ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို မုံရွာမြို့ ကန်သာယာအနီး ဗိုလ်ချုပ်လမ်းမကြီးပေါ်၌ လမ်းလျှောက်သင်္ကြန်၊ ရေကစားမဏ္ဍပ်များ၊ စတုဒိသာမဏ္ဍပ်များ၊ တေးဂီတဖျော်ဖြေပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ထံမှ သိရသည်။

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်တွင် ဗဟိုမဏ္ဍပ်ကြီးတစ်ခု အပါအဝင် ဝန်ကြီးဌာနအလိုက် ရေကစားမဏ္ဍပ် လေးခု ပါရှိကာ နိုင်ငံကျော် အဆိုတော်များဖြင့် နေ့စဉ် သီဆိုဖျော်ဖြေပေးမည်ဖြစ်ကြောင်းနှင့် စတုဒိသာမဏ္ဍပ်များတွင်လည်း ထမင်းဟင်းလျာများ၊ အချိုရည်များ၊ မုန့်များဖြင့် သင်္ကြန်ပွဲတော်သို့ လာရောက်ကြသူများအား ကျွေးမွေးဧည့်ခံခြင်းတို့ကို တာဝန်ရှိသူများက ပြည်သူများ စိတ်လွတ်လပ်ပေါ်ပေါက်စွာ ပါဝင်ဆင်နွှဲနိုင်ရေး အထူးစီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

မုံရွာမြို့ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် ဦးစီးကော်မတီများ၊ လုပ်ငန်းကော်မတီများ အသီးသီးဖွဲ့စည်းထားရှိပြီးဖြစ်ကာ ရေကစားမဏ္ဍပ်များ၊ စတုဒိသာမဏ္ဍပ်များ ဆောက်လုပ်နေဆဲပြီးဖြစ်ပြီး ပွဲတော်သို့ မည်သူမဆို အေးချမ်းပျော်ရွှင်လွတ်လပ်စွာ လာရောက်ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

❍ *ကျောဖုံးမှ*

ၵင်းသည် ယခုပြိုင်ပွဲမတိုင်မီ ကျင်းပခဲ့သည့် အင်ဒီးယန်းဝဲလ်စ် အိုးပင်ပြိုင်ပွဲတွင်လည်း နောက်ဆုံး ဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့ပြီး ရုရှားတင်းနစ်ကစား သမား ဒန်နီယေးလ် မက်ဗီဒက်ဗ်ကို ၇-၆ (၈-၆)၊ ၇-၆ (၇-၄) ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဖလားဆွတ်ခူးထားသည်။

ထို့ကြောင့် ၎င်းသည် ၂၀၁၇ ခုနှစ်က ရော်ဂျာဖက်ဒဲရာနောက်ပိုင်း အင်ဒီးယန်းဝဲလ်စ်နှင့် မိုင်ယာမီအိုးပင်းပြိုင်ပွဲ နှစ်ရပ် စလုံးတွင် ဖလားဆွတ်ခူးနိုင်သည့် ရှစ်ဦးမြောက် အမျိုးသားတင်းနစ် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

မိုင်ယာမီအိုးပင်း အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် ကမ္ဘာ့အဆင့် (၁) ဘယ်လာရုစ်တင်းနစ်မယ် အရွှိုင်နာ ဆာဘယ်လင်ကာက အမေရိကန် တင်းနစ်မယ် ကိုကိုဂျဖ်ကို အကြိတ်အနယ် ယှဉ်ပြိုင်ပြီး ၆-၂၊ ၄-၆၊ ၆-၃ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဖလားဆွတ်ခူးနိုင်ခဲ့သည်။

အောင်ဇော်

ကျန်းမာရေးဝန်ကြီးဌာန

ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ မှ ပြုစုထုတ်ဝေသည်။
မတ်လ၊ ၂၀၂၆

၁

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိရေနှင့်ဓါတ်ဆားဓါတ်များဆုံးရှုံးမှု ပိုမိုများပြားပါသည်။ မိဘပြည်သူများအနေဖြင့်အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရေး အတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

အပူဒဏ်ကာကွယ်နိုင်ရေး လိုက်နာဆောင်ရွက်ရမည့် အချက်များ

- တတ်နိုင်သမျှအရိပ်ရသော နေရာများတွင်သာ နေပါ။
- မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက် မထိ တွေ့စေရန် လက်၊ လည်ပင်းနှင့် ပခုံးတို့ကိုပါ လုံခြုံသော အရောင်ဖျော့သည့် ပွပွ ချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
- မဖြစ်မနေအပြင်သွားရပါက ထီး၊ ဦးထုပ် ဆောင်းပါ။
- ရေများများသောက်ပါ။

၂

အပူဒဏ်ကာကွယ်နိုင်ရေး ရှောင်ကြဉ်ရန်အချက်များ

- နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။
- နေပူထဲမှ ပြန်လာပြီး ချက်ချင်း ရေချိုးခြင်းကို ရှောင်ကြဉ်ပါ။
- ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသော အခန်းနှင့် ကားအတွင်းသို့ ချက်ချင်း ဝင်ရောက်ခြင်း၊ အလွန်အေးသော အခန်းနှင့်ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်း တို့ကို ရှောင်ကြဉ်ပါ။
- အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ် အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမို ပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။

၃

အပူဒဏ်ကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကို လိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

သတိပြုရမည့် အပူဒဏ် အန္တရာယ်များ

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း လက္ခဏာများ (Heat Exhaustion)

- ခေါင်းမူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း၊
- ကြွက်တက်ခြင်း၊ နုံးချိုပျော့ခွေခြင်း၊
- အလွန်အမင်းရေဆာခြင်း၊
- ဂနာမငြိမ်ခြင်း၊
- ခန္ဓာကိုယ်အပူချိန် မြင့်တက်ခြင်း။

အပူဒဏ်ကြောင့် သတိလစ်ခြင်း လက္ခဏာများ (Heat Stroke)

- အရေပြားပူ၍ခြောက်သွေ့ခြင်း သို့မဟုတ် ချွေးခန်း ခြောက်ခြင်း၊
- ခန္ဓာကိုယ်အပူချိန်အလွန်အကျွံမြင့်တက်လာခြင်း၊
- ကယောင်ကတမ်းဖြစ်ခြင်း၊
- တက်ခြင်း၊ သတိလစ်ခြင်း။

၄

အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်းလက္ခဏာများ ခံစားရပါက –

- အရိပ်ရ၍ အေးမြသောနေရာတွင် အနားယူပါ။
- အရည်များများသောက်ခြင်း စသည့် အပူဒဏ် ကာကွယ်ရေးလိုက်နာဆောင်ရွက်ရမည့်အချက် များကိုလိုက်နာပါ။

အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ

- သက်ကြီးပုဂ္ဂိုလ်များနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
- နာတာရှည်ရောဂါရှိသူများ (ဆီးချို၊ နှလုံး သွေးတိုး၊ စိတ်ကျန်းမာရေးချို့ယွင်းသူများ)
- ကာယလုပ်သားများ၊ အားကစားသမားများ၊ အဝလွန်သူများ
- အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ

၅

အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာများ ခံစားနေရသည့် လူနာအား အရေးပေါ် ရှုဒဲ့ပြုစုခြင်း

- လူနာကို အရိပ်ရအေးမြသော နေရာသို့ ရွှေ့ထားပါ။
- လေပန်ကာ၊ လေအေးပေးစက် ဖွင့်ထားပေးပါ၊ မရှိပါက ယပ်ခတ်ပေးပါ၊
- လူနာ၏ ခြေရင်းဘက်ကို မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ၊
- လူနာ၏ အဝတ်အစားများကို ဖယ်ရှားပါ၊
- လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက် တို့ကို ရေပတ်တိုက်ပါ၊
- လူနာကောင်စွာသတိရနေပါက ရေအေးအေး သို့မဟုတ် ဓာတ်ဆားရည်တိုက်ကျွေးပါ။

အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာများ ပေါ်ပေါက်လာပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံး သွားရောက်ပြသပါ။

၆

အပူဒဏ်ကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကို လိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

လျင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

လူမှုပန်းထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

လျင်ဘေးပညာပေးစာစောင်

လျင်ဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိနေထိုင်ရာနေရာသည် မည်သည့်လျင်ဇုန်တွင် ကျရောက်သည် မည်ကဲ့သို့ ပြင်ဆင်ထားသင့်သည်ကို လေ့လာထားပါ။

၂။ ဘေးကင်းလုံခြုံသောနေရာ၊ လမ်းကြောင်းများကို သတ်မှတ်ထားပါ။ လျင်လှုပ်နေသိုမှတင်ပြမှုနေထိုင်ရမည့် နည်းလမ်းများကို မိသားစုဝင်များအား အသိပေး လေ့ကျင့်ထားပါ။

၃။ အထပ်မြင့်တိုက်များမှ နှစ်ထွက်ခြင်းမပြုပါနှင့်။

လျင်လှုပ်ပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။ မိသားစုဝင်များမရောက်ဆုံးသွားပါက သက်ဆိုင်ရာသို့အကြောင်းကြားပါ။

၂။ ထိခိုက်ဒဏ်ရာရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။

၁။ မြို့ကျွဲ မြောက်ကျွဲ ကွဲရှိနိုင်သော ပစ္စည်းများ၊ တွဲလောင်းကျနေသော အရာများကို အန္တရာယ်မဖြစ်စေရန် မြေမြှောင် ပြုလုပ်ထားပါ။

၄။ မီးသားစုသုံး အရေးပေါ်ပစ္စည်းများအရေးကြီး စာရွက်စာတမ်းများကို ကြိုတင်ပြင်ဆင်ထားပါ။

၅။ မိမိအိမ်၏ ခိုင်မှုကို ပုံမှန်စစ်ဆေးပြီးတောင့်တင်းခိုင်မာအောင်ပြုလုပ်ထားပါ။

လျင်လှုပ်နေစဉ်တွင်လိုက်နာရန်အချက်များ

၁။ ကြောက်ရွံ့ထိတ်လန့်မှုမရှိပါနှင့်။ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။

၂။ (၅) စက္ကန့်အတွင်း အဆောက်အအုံအပြင်သို့ ရောက်နိုင်ပါကပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာတွင် (ဝပ် ကာ ကိုင်)ပုံစံဖြင့်နေပါ။

၃။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော သတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုပျူးပေါ်။ ကောလာဟလ သတင်းများကို ယုံပါနှင့်။

၄။ မိမိအိမ်နှင့် ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများ အားလုံးကို ပြန်လည် စစ်ဆေးပါ။

၅။ အင်အားကြီးမားသည့် လျင်လှုပ်ပြီးတိုင်း နောက်ဆက်တွဲလျင်များလှုပ်တာတဲ့ကြောင်း သတိပြုပါ။

၆။ နောက်ဆက်တွဲဘေးအန္တရာယ်(မီးဘေး၊ဆုနာမီ၊ ကြောင်းပြပြိုခြင်း)များကိုအထူးသတိပြုပါ။

လျင်လှုပ်ပြီးနောက် ရောင်ရှားသင့်သည့် အချက်များ

၁။ အဆောက်အအုံ၏ ခိုင်ခံ့မှုကိုစစ်ဆေးခြင်း မပြုဘဲမဝင်ရ။

၂။ မြစ်ကမ်းပါး၊ တောင်စောင်းများသို့ မသွားပါနှင့်။ မြေပြိုနိုင်ပါသည်။

၃။ လယ်ကွင်း၊ကွင်းပြင်(သို့) ဘေးကင်းရာ (မြင့်မားသော အဆောက်အအုံ၊ လျှပ်စစ်မီးကြိုးခါတိုင်များ၊သစ်ပင်များ ပြိုကျနိုင်သောအရာများနှင့် ဝေးရာ) သို့ပြေးပါ။

၄။ လျင်ကြောင့် ဆုနာမီလှိုင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ကမ်းခြေ (သို့) မြစ်ကမ်းစပ် အနီးတွင် ရောက်ရှိနေပါက ကုန်းမြင့်ရာသို့ ရွှေ့ပြောင်းပါ။

၅။ မီးအသုံးပြုနေစဉ် လျင်လှုပ်ပါက မီးဖောက်ပြန်းပါ။ မီးဇလုတ်များကို ပိတ်ပါ။

၁။ ဆည်၊ရေလှောင်ကန်များအနီးတွင် မနေပါနှင့်။ ဆည်ကျိုးပေါက်ပြီး ရေကြီးနိုင်သည်။

၄။ တာဝါတိုင်များ၊မျော်စင်များအထပ်မြင့်အဆောက် အအုံများ ပြိုကျနိုင်သဖြင့်အနီးသို့မသွားပါနှင့်။

မြန်မာနိုင်ငံ၏ လျင်ဇုန်များပြမြေပုံ



၆။ ဆိုင်ကယ်၊ ကားစသည်တို့မောင်းနှင်နေချိန်ဖြစ်ပါက အရှိန်လျော့ပြီး ဘေးကင်းရာနေရာတွင် ရပ်ထားပါ။

လျင်လှုပ်နေစဉ်တွင် ရောင်ရှားသင့်သည့် အချက်များ

၁။ အဆောက်အအုံထဲသို့ ပြေးမဝင်ပါနှင့်။

၂။ ဓာတ်လှေကားများ အသုံးမပြုပါနှင့်။

လျင်ပြင်းအားများ

လျင်ပြင်းအား ရစ်ချ်တာ စကေး	သက်ရောက်မှုရှိနိုင်ခြေ
၂ အထက်	မသိသာသော အခြေအနေဖြစ်ပါသည်။
၂ နှင့် ၄ ကြား	လူအချို့သတိထားမိသည့် အခြေအနေဖြစ်သည်။
၄ နှင့် ၆ ကြား	လူတိုင်းလိုလို ခံစားမိသော အခြေအနေဖြစ်သည်။
၆ နှင့် ၆.၉ ကြား	ခိုင်ခံ့သော အဆောက်အအုံတွင် မပြောပလောက်သော ပျက်စီးမှု တွေ့ရသော အခြေအနေဖြစ်သည်။
၆ နှင့် ၆.၉ ကြား	ခိုင်ခံ့သော အဆောက်အအုံတွင်ပင် သိသာသော ပျက်စီးမှု တွေ့ရသော အခြေအနေဖြစ်သည်။
၇ နှင့် ၇.၉ ကြား	ခိုင်ခံ့သော အဆောက်အအုံများတွင်ဆိုးရွားသော ပျက်စီးမှု တွေ့ရသော အခြေအနေဖြစ်သည်။
၈ နှင့်အထက်	ကြီးမားသော ပျက်စီး ပြိုကျမှုများ တွေ့ရသော အခြေအနေဖြစ်သည်။

လျင်သည် အများလိုက်နှင့် အထက်အောက်လှုပ်ရှားနိုင်ပြီး လျင်စီးပြင်းအား အဆောက်အအုံ၏တည်ဆောက်ပုံ၊ တည်နေရာတို့အပေါ်မူတည်၍ ပျက်စီးမှုများ ကွာခြားနိုင်ပါသည်။

တောမီးလောင်ကျွမ်းမှုမရှိစေရေး သတိပြုရန်

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောသယံဇာတအရင်းအမြစ်များ ဆုံးရှုံးခြင်း၊ မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ တောမီးလောင်ကျွမ်းမှုမရှိစေရေးအတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရန်-

(က) တောထဲတွင် မီးမွှေးခြင်း၊ ချက်ပြုတ်ခြင်း၊ မီးရှို့ခြင်း မပြုလုပ်ရန်၊

(ခ) တောမီးရှို့၍ အမဲလိုက်ခြင်း လုံးဝမပြုလုပ်ရန်၊

(ဂ) ဆေးလိပ်မီး အကြွင်းအကျန်များကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်း မပြုလုပ်ရန်၊

(ဃ) အိမ်သုံးစွန့်ပစ်အမှိုက်များကို သတ်မှတ်နေရာတွင် စွန့်ပစ်ရန်၊

(င) တောမီးလောင်ကျွမ်းမှုတွေ့ရှိရပါက သက်ဆိုင်ရာသို့ အမြန်ဆုံးသတင်းပို့ရန်။

တောင်ယာခုတ်ထွင် မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် အောက်ပါအချက်များဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေး ထိခိုက်နိုင်ခြင်း၊

(ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်ခြင်း၊

(ဂ) မြေဆီသြဇာခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်း လျော့နည်းခြင်း၊

(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

လေပြင်းဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

လူမှုပန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန
လေပြင်းဘေးအသိပညာပေးစာစောင်
မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကြိုကာလ၊ နွေကာလနှင့် မိုးကြိုကာလများအတွင်း နေအပူဒဏ်များ တဖြည်းဖြည်း မြင့်တက်လာရာမှ အပူပျံတက်တိမ်များ ဖြစ်ထွန်း၍ မုန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ဧရိယာများနေရာတစ်လျှောက်တွင်ပိုက်ဆင်းရေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။
၁
လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ
၁။ မိမိအိမ်၏ကြွံနိုင်မှုကို ပုဂ္ဂန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။
၂။ လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့် နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။
၃။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဝိန်းပတ်လည်တွင် မြေဖို့၍ သံပိတ်သည်းကျန်လစ်အောင် ဆောင်ရွက်ပါ။
၄။ သွပ်အမိုးဖြစ်ပါက အရွန့်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ခနဲ/သက်ကယ်အမိုးဖြစ်ပါက ပါးရာဇမတ်ကွက်ကြက်နင်းဖြင့် ခိုင်စုံစွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။
၂
၅။ အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များ အား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။
၆။ အိမ်အနီးရှိကြီးကျယ်နိုင်သော သစ်ပင်/သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။
၇။ အိမ်အတွင်းရှိပြုကျ၊ ပြုတ်ကျ၊ ကွဲရှိုင်သော ပစ္စည်းများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။ မီးလောင်စေနိုင်သော ပစ္စည်းများကို စစ်ဆေးပြီး လိုအပ်သလို ပြင်ဆင်ထားပါ။
၈။ အရေးပေါ် သုံးစွဲရန်များ၊ စားသောက်ကုန်နှင့်အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။
၉။ မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရုပ်ကို ကြိုတင် သတ်မှတ်ထားပါ။
၃
လေပြင်းတိုက်ခတ်နေစဉ် သတိပြုလိုက်နာရန် အချက်များ
၁။ လေပြင်းတိုက်ခတ်ချိန်တွင် အရှိက်များနှင့် ပစ္စည်းများလေနှင့်လွှင့်ပါကာ အန္တရာယ်ဖြစ်စေနိုင်သော ကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။
၂။ တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မုန်တိုင်းများအား တိတ်တိုးကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။
၃။ မုန်တိုင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။
၄
၄။ လေတိုက်ခတ်မှုအလွန် ပြင်းထန်ပါက ခိုင်ခံ့သော စားပွဲ (သို့မဟုတ်) ခိုင်ခံ့သော အရာဝတ္ထု တစ်ခုခုအောက်တွင် အကာအကွယ်ယူနေပါ။
၅။ အရေးပေါ်အခြေအနေမှလွဲ၍ ဖုန်းအသုံးမပြုပါနှင့်။
လေပြင်းတိုက်ခတ်စဉ် မိုးသီးကြွေခြင်း၊ မိုးထစ်ချုန်းရွာခြင်း ဖြစ်ပေါ်ပါက သတိပြုလိုက်နာရန် အချက်များ
၁။ လယ်ကွင်း၊ ကွင်းပြင်ထဲ နေထိုင်ခြင်းမှ အတတ်နိုင်ဆုံး ရှောင်ရှားပါ။ တတ်နိုင်သမျှ အိမ်ထဲတွင် နေထိုင်ပါ။
၂။ မဖြစ်မနေ အိမ်အပြင်သို့ ထွက်ရမည်ဆိုပါက ဆိုင်ကယ်စီးပြီးထုပ်ကဲ့သို့ ဦးထုပ်အမာများ ဆောင်းပါ။ အဝတ်ထူများ တင်ဆင်သွားပါ။
၃။ တီဗွီ၊ ရေဒီယို၊ လျှပ်စစ် ထမင်းအိုး၊ လျှပ်စစ်မီးပူ စသည့် လျှပ်စစ်နှင့်ဆိုင်သော ပစ္စည်းများကိုလည်း ဧရိယာပိတ်၍ ပလပ်ဖြုတ်ထားပါ။
၇
၄။ သစ်ပင်၊ ဓါတ်တိုင် နှင့် သံ/သတ္တုပစ္စည်းများအနီးတွင် မနေပါနှင့်။
၅။ မိုးသည်းထန်စွာရွာသွန်းနေစဉ် မိုးကြိုးပစ်နိုင်သော ကြောင့် လျှပ်စီးနိုင်သော လက်ကိုင်ဖုန်း၊ သံနှင့်သတ္တုပါဝင်သော ပစ္စည်းများကို အသုံးမပြုခြင်း၊ ကိုယ်နှင့် တစ်ပါတည်းထားခြင်းမှ ရှောင်ကြဉ်ပါ။
လေပြင်းတိုက်ခတ်ပြီးနောက် ဆောင်ရွက်ရန် အချက်များ
၁။ ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ရှင်းလင်းခြင်းလုပ်ငန်းများတွင် တာဝန်ရှိသူများနှင့် အတူပူးပေါင်းပါဝင် ဆောင်ရွက်ပါ။
၆
၂။ ကျိုးကျ၊ ပိုင်လဲ၊ ပြုပျက်နေသော ဓါတ်တိုင်များ၊ ဓါတ်ကြိုးများ၊ သစ်ပင်များ၊ သစ်ကိုင်းများ၊ အဆောက်အအုံများမှ ဝေးရာတွင်နေပါ။ သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပါ။ ကူညီရှင်းလင်းပါ။
၃။ ထိခိုက်ဒဏ်ရာရရှိပါက ကျန်းမာရေးဌာနများ၌ လိုအပ်သည့် ကုသမှုများကို ခံယူပါ။
၇
၃။ ထိခိုက်လွယ်အုပ်စုများ (ကလေးသူငယ်၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်၊ မသန်စွမ်း၊ သက်ကြီးရွယ်အို စသည်) အကူအညီ လိုအပ်ပါက တတ်စွမ်းသရွေ့ပေါင်းစပ်ကူညီပေးပါ။
၅။ ယာယီအခိုအကာလိုအပ်ပါက သက်ဆိုင်ရာ တာဝန်ရှိသူများထံ ဆက်သွယ်အကူအညီ တောင်းခံပါ။

အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင် ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

စက်သုံးဆီဝယ်ယူမှုများနှင့်ပတ်သက်၍ Call Center သို့ သတင်းပေးပို့တိုင်ကြားလာမှုများအပေါ် အရေးယူဆောင်ရွက်လျက်ရှိ

နေပြည်တော် မတ် ၃၀

ပြည်သူများစက်သုံးဆီဝယ်ယူရာတွင် ပိုမိုအဆင်ပြေချောမွေ့စေရန် စက်မှဓာတ်အားအလိုက် ဝယ်ယူခွင့်ပမာဏကို သတ်မှတ်ထားသော အဆင့်မြှင့်တင်ထားသည့် Bar Code/ QR Code များဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်မြို့၊ မန္တလေးမြို့၊ တောင်ကြီးမြို့၊ ပဲခူး၊ ပြင်ဦးလွင်နှင့် ရန်ကုန်–မန္တလေး လမ်းဟောင်းနှင့် အမြန်လမ်းမကြီးတစ်လျှောက်ရှိ စက်သုံးဆီအရောင်းဆိုင်များတွင် ရောင်းချပေးလျက်ရှိပြီး ပြည်သူများမှ တွေ့ကြုံရသည့် အခက်အခဲများနှင့် သိရှိလိုသည်များကို Call Center သို့ နေ့စဉ် နံနက် ၆ နာရီမှ ည ၁၀ နာရီအထိ မေးမြန်းလာမှုများအပေါ် ဖြေရှင်းပြန်ကြား ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူရာတွင် သိရှိလိုသည်များကို စုံစမ်းမေးမြန်းခြင်းအပြင် ဝယ်ယူသုံးစွဲသူများထိခိုက်နစ်နာစေသည့် ဆိုင်ပိတ်ထားခြင်း။ Scan မဖတ်ဘဲ ရောင်းချခြင်း၊ ဈေးတင်ရောင်းချခြင်း၊ တရားမဝင်ရောင်းချခြင်းများကို Call Center သို့ သတင်းပေးပို့တိုင်ကြားလာမှုများအပေါ် အရေးယူဆောင်ရွက်လျက်ရှိသည်။

ယနေ့အထိ အရောင်းဆိုင်ယာယီပိတ်သိမ်းခြင်းနှင့် အရောင်းဆိုင်မှ တာဝန်ရှိသူများကို အရေးယူထားရှိမှုအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ “TGB” စက်သုံးဆီ အရောင်းဆိုင်၊ ပုဗ္ဗသိရိမြို့နယ်ရှိ “ရွှေပြိုး” စက်သုံးဆီအရောင်းဆိုင်၊ “Terminal 001” စက်သုံးဆီအရောင်းဆိုင်၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ “Away” စက်သုံးဆီအရောင်းဆိုင်၊ အမရပူရမြို့နယ်ရှိ “အောင်ဗိုလ်ဟိန်း” စက်သုံးဆီအရောင်းဆိုင်၊ စဉ့်ကိုင်မြို့နယ်ရှိ “စိန်စိအောင်” စက်သုံးဆီအရောင်းဆိုင်၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ “အောင်သန်းကျော်” စက်သုံးဆီအရောင်းဆိုင်၊ “အောင်သိဒ္ဓိ” စက်သုံးဆီအရောင်းဆိုင်၊ “ရွှေခြေလှေ” စက်သုံးဆီအရောင်းဆိုင်၊ “မိုးကောင်းကင်” စက်သုံးဆီအရောင်းဆိုင်၊ “ရွှေအင်” စက်သုံးဆီအရောင်းဆိုင်၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ “Apex” စက်သုံးဆီအရောင်းဆိုင်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ “BOC” စက်သုံးဆီအရောင်းဆိုင်၊ မွန်ပြည်နယ် မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက်ရှိ “ရွှေအမြန်မာ” စက်သုံးဆီအရောင်းဆိုင်၊ ညောင်ပင်ဆိပ်ရပ်ကွက်ရှိ “Parent Love– 01” စက်သုံးဆီအရောင်းဆိုင်၊ ကျိုက်မရောမြို့နယ်ရှိ “Puma Power” စက်သုံးဆီအရောင်းဆိုင်၊ ပေါင်မြို့နယ်ရှိ “မင်းသန့်–၉” စက်သုံးဆီအရောင်းဆိုင် စုစုပေါင်း စက်သုံးဆီအရောင်းဆိုင် ၁၇ ဆိုင်ကို အရေးယူထားရှိခဲ့ပြီးဖြစ်သည်။

ထို့ပြင် Bar Code/ QR Code များဖြင့် ရောင်းချနေမှုများကို Online Monitoring Center မှ စောင့်ကြည့်ကြပ်မတ်ခြင်းများဆောင်ရွက်လျက်ရှိရာ Bar Code/ QR Code များ Scan ဖတ်ခြင်း မပြုဘဲရောင်းချနေကြောင်း စီစစ်တွေ့ရှိရသည့် နေပြည်တော်ကောင်စီနယ်မြေမှ စက်သုံးဆီအရောင်းဆိုင် သုံးဆိုင်၊ ရန်ကုန်တိုင်းဒေသကြီးမှ အရောင်းဆိုင် လေးဆိုင်၊ မန္တလေးတိုင်းဒေသကြီးမှ အရောင်းဆိုင် ၁၀ ဆိုင်နှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့မှ အရောင်းဆိုင် ခုနစ်ဆိုင်တို့အား ပြင်းထန်စွာ သတိပေးထားရှိပြီး ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

သတင်းစဉ်

